

# ကန်တော့ပလ္လင်ဘုရားသမိုင်း

မောင်ကြည်ပန်း (မြင်းကပါ)







ကန်တော့ပလ္လင်ဘုရား နှစ်ထပ်ဂူတော်ကြီး



ကန်တော့ပလ္လင်ဘုရားအောက်ထပ် အရှေ့ဘက်မုခ်ဂူလိုဏ်အတွင်းရှိ
ရုပ်ပွားဆင်းတုတော်ကြီးကို ဆွမ်းကပ်လျှ၍ ဆုတောင်းပါ။ လိုရာဆန္ဒပြည့်ဝပါသည်။



တောင်ဘက်မုခ်ဂူလိုဏ်အတွင်းရှိ ရုပ်ပွားဆင်းတုတော်ကြီးကို
ကျမ်းစာအုပ်လှူ၍ ဆုတောင်းပါ။ လိုရာဆန္ဒ ပြည့်ဝပါသည်။




အနောက်ဘက်မုခ်ဂူလိုဏ်အတွင်းရှိ ရုပ်ပွားဆင်းတုတော်ကြီးကို
ပန်းကပ်လှူ၍ ဆုတောင်းပါ။ လိုရာဆန္ဒပြည့်ဝပါသည်။



မြောက်ဘက်မုခ်ဂူလိုဏ်အတွင်းရှိ ရုပ်ပွားဆင်းတုတော်ကြီးကို ရေချမ်းလှူ၍ ဆုတောင်းပါ။ လိုရာဆန္ဒ ပြည့်ဝပါသည်။



ကန်တော့ပလ္လင်ဂူတော်ကြီးအပေါ်ထပ် အရှေ့ဘက်မျက်နှာမှ
ရုပ်ပွားဆင်းတုတော်ကြီး




ဆုကြီးပန် အောင်တော်မူ ရုပ်ပွားဆင်းတုတော်

# ကန်တော့ပလ္လင် ဘုရားသမိုင်း

ဤစာအုပ်သည်
ပုဂံချစ်သူ
ပုဂံလေ့လာသူတို့
ဆောင်ထားသင့်သော
စာအုပ်ကောင်းတစ်အုပ်
ဖြစ်သည်။

## ဒို့တာဝန်အရေးသုံးပါ

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# ကန်တော့ပလ္လင်
# ဘုရားသမိုင်း

မောင်ကြည်ပန်း ( မြင်းကာပါ )

၂၈၁၇၀
၄

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်

၅၄၈၈၀၀၀၈၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၄၈၀၈၀၀၁၇၈

ပုံနှိပ်မှတ်တမ်း

၂၀၀၈ – ခုနှစ် ၊ အောက်တိုဘာလ

အုပ်ရေ (၁၀၀၀)

တန်ဖိုး (၁၀၀၀)

ထုတ်ဝေသူ

ဦးသန်းဆွေ (စစ်သည်တော်စာပေ)

၀၁၃၁/က၊ ဥယျာဉ်လမ်း ၊ ဒဂုံတောင်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဒေါ်ခင်အေးမြင့် (ရာပြည့်အော့ဖ်ဆက်)

၁၉၉ လမ်း ၊ လမ်း – ၅၀

ပုဇွန်တောင် ၊ ရန်ကုန်မြို့

# ဥယျာဇဉ်

ကျွန်ုပ်တို့ ပုဂံသည် လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်ကျော် ခန့်က အရှေ့တောင်အာရှ၌ ထေရဝါဒဗုဒ္ဓသာသနာ ရောင်ဝါ နေပမာ လပမာ ထွန်းလင်းခဲ့သည်။

ပုဂံကိုလေ့လာလျှင် ခေတ်အပိုင်းအခြား သုံးခုကိုတွေ့ ကြ ရပေးလိမ့်မည်။

(၁) ပုဂံခေတ်ဦး - အေဒီ (၁၁) ရာစု
(၂) ပုဂံခေတ်လယ် - အေဒီ (၁၂) ရာစု
(၃) ပုဂံခေတ်နှောင်း - အေဒီ (၁၃) ရာစု

ထိုခေတ်ကြီးသုံးခေတ်တွင် ဗုဒ္ဓဘာသာသာသနာအစဉ်မပြတ်ထွန်းကားခဲ့သည်။ ပုဂံခေတ်အဆက်ဆက်၌ စိုးစံခဲ့သော သာသနာပြု မင်းကောင်း ၊ မင်းမြတ်များမှ မင်းမိဖုရား ၊ မင်းသား ၊ မင်းသမီး၊ မှူးမတ် ၊ ဗိုလ်ပါ ၊ သူဌေး ၊ သူကြွယ် ၊ တိုင်းသူပြည်သားမကျန် သာသနိက အဆောက်အအုံများဖြစ်သော စေတီ ၊ ပုထိုး ၊ ဂူကျောင်း၊ သိမ်များကို ခေတ်အလိုက် လက်ညှိုးညွှန်မလွဲတည်ဆောက် သာသန ပြုခဲ့ကြသည်။

၆

ခေတ်သုံးခေတ်တွင် တည်ထားခဲ့ကြသော စေတီ၊ဂူ၊ ပုထိုး အမျိုးအစားတို့မှာ

စေတီ ၊ ပုထိုး နှင့် တစ်ထပ်ဂူ ၊ နှစ်ထပ်ဂူ ၊ သိမ် ၊ ကျောင်းများ၊ စသည် . . . . .

စေတီ

ပုထိုး

တစ်ထပ်ဂူ

တို့ဖြစ်ကြသည်။ ရွှေစည်းခုံစေတီ ၊ လောကနန္ဒစေတီ ၊ အာနန္ဒဂူ ၊ မြင်းကပါပုထိုး စသည် တို့ဖြစ်ကြသည်။

စေတီပုထိုး

တစ်ထပ်ဂူ

နှစ်ထပ်ဂူ

တို့ဖြစ်ကြသည်။ အင်းစေတီ၊ဓမ္မရာဇကပုထိုး၊လောကထိပ်ပန် သဗ္ဗညု ၊ ကန်ပော့ပလ္လင် စသည် တို့ဖြစ်ကြသည်။

## (၈) ပုဂံခေတ်နှောင်း

စေတီ

တစ်ထပ်ဂူ

နှစ်ထပ်ဂူ

တို့ဖြစ်ကြသည်။ မင်္ဂလာစေတီ ၊ ဘုရားသုံးဆူ ၊ နွားပြဂူ စသည်တို့ဖြစ်ကြသည်။

ထို ပုဂံစေတီ ၊ ဂူပုထိုးများတွင် ကျွန်ုပ်တို့ ကန်တော့ပလ္လင်ဘုရားကြီးမှာ ပုဂံခေတ်လယ် (၁၂) ရာစု နှစ်ထပ်လိုဏ်ဂူတော် အမျိုး အစားတွင် ပါဝင်၍ ကြည်ညိုစွာ ဖူးမြင်လေ့လာနိုင်ကြသည်။ ပုဂံမြေတွင် ရောက်သည့်နေရာမှ လှမ်းမျှော်ဖူးမြင်နိုင်သော အထင်ကရနှစ်ထပ်လိုဏ်ဂူတော်များမှာ သဗ္ဗညုစူဠာမဏိ ၊ ကန်တော့ပလ္လင် ၊ ထီးလိုမင်းလိုဘုရားများ ဖြစ်ကြပါသည်။

ကန်တော့ပလ္လင်ဂူတော်ကြီးသည် ပုဂံမြို့ဟောင်းတွင်း အနောက်တောင်ထောင့် ပုဂံရှေးဟောင်းသုတေသနပြတိုက် မြောက်ဘက် ၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းနဖူးပေါ် အချက်အချာကျသည့် နေရာတွင် တည်ရှိသောကြောင့် ဖူးရောက်ကြည်ညိုကြရန် အဆင်ပြေ လွယ်ကူလှပါသည်။

ပြည်တွင်း၊ ပြည်ပမှ ပုဂံလာရောက်သူတိုင်း ကန်တော့ပလ္လင်ဘုရားသို့ ဖူးရောက်လာကြသည်ကို တွေ့မြင်နေရသဖြင့် သာဓုခေါ်ကြည်နူးရပါသည်။

ယခုအခါ ကန်တော့ပလ္လင်ဘုရားကြီးသည် အစဉ်သဖြင့်တိုးတက်ပြောင်းလဲမှုများနှင့် ဖူးတွေ့နိုင်ကြပါသည်။ ရှေးခေတ်က ကန်တော့ပလ္လင်ဘုရားကြီးမှာ စောင့်ရှောက်ကြည်ညိုမှု ကင်းဘေးခဲ့၍ ခြုံနွယ်ပိန်းပေါင်း ညောင်ပင်များပေါက်ရောက်ရာ ပေါင်းပင်ဆူးလေတောတို့ဖြင့် ခြေချစရာမရှိအောင် မြင်ကွင်းမလှရှိခဲ့ပါသည်။

ပုဂံရှေးဟောင်းသုတေသနဌာနခွဲနှင့် ဂေါပကအစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်မှုရချိန်မှ ဘုရားကြီး၏အခြေအနေဘက်စုံ တိုးတက်ပြောင်းလဲခဲ့ခြင်းဖြစ်ပါသည်။

ဂေါပကအစဉ်အဆက် အနယ်နယ်အရပ်ရပ်မှဘုရားကြီးသို့ ဖူးရောက်၍ လှူဒါန်းသော နဝကမ္မ၊ ဘဏ္ဍာငွေများကိုလည်း စနစ်တကျထိန်းသိမ်းကာ ဘုရားကြီး မွမ်းမံပြုပြင်မှုဝေယျာဝစ္စဒါနအဖြစ် ပြန်လည်လှူဒါန်းဆောက်ရွက်ခဲ့ပါသည်။

ထိုသို့ ဆောက်ရွက်ခြင်းများနှင့်အတူ အမှန်လိုအပ်သည့် ကွက်လပ်တစ်ခုကို ဖြည့်ဆည်းသော အားဖြင့် **"ကန်တော့ပလ္လင်ဘုရားသမိုင်း"** အမည်ရှိ ဤစာအုပ်ကို ရေးသားထုတ်ဝေ ပူဇော်အပ်ပါကြောင်း တင်ပြရင်း နိဂုံးကပွတ်အဆုံးသတ်ပါသတည်း။

ဦးသန်းထွန်း
ဥက္ကဌ
ကန်တော့ပလ္လင်ဘုရားဂေါပကအဖွဲ့
ပုဂံမြို့

# ကန်တော့ပလ္လင်ဘုရားကြီး

## ဂေါပကအဖွဲ့ဝင်များ

၁။ နာယကဆရာတော်ဦးသံဝရ (နတ်ထောင့်ကျောင်း၊ပုဂံမြို့ဟောင်း)

၂။ နာယကဆရာတော်ဦးအာစရ (သာယာအေးကျောင်း၊ပုဂံမြို့ဟောင်း)

၃။ နာယကဆရာတော်ဦးနန္ဒ (မြို့ထောင့်ကျောင်း၊ပုဂံမြို့ဟောင်း)

၄။ ဦးသန်းထွန်း ဥက္ကဌ ၊ ပုဂံမြို့

၅။ ဦးမြင့်ဆွေ ဒု-ဥက္ကဌ ၊ ပုဂံမြို့

၆။ ဦးဘသွင် အဖွဲ့ဝင် ၊ ပုဂံမြို့

၇။ ဦးလှကျော် အဖွဲ့ဝင် ၊ ပုဂံမြို့

၈။ ဦးမောင်ထွန်း အဖွဲ့ဝင် ၊ ပုဂံမြို့

၉။ ဦးရဲကျော် အဖွဲ့ဝင် ၊ ပုဂံမြို့

၁၀။ ဦးခင်စိုး အဖွဲ့ဝင် ၊ ပုဂံမြို့


၁၁။ ဦးကြည်လွင် တွဲဖက်-အတွင်းရေးမှူး ၊ ပုဂံမြို့

၁၂။ ဦးသန်းအေး အတွင်းရေးမှူး ၊ ပုဂံမြို့


# ကန်တော့ပလ္လင်ဘုရားကြီး (၁၉၈၈) ခုနှစ် နောက် ပြုပြင်မွမ်းမံဆောင်ရွက်ချက်များ

| ဆောင်ရွက်မှု | | ကုန်ကျအလှူငွေ ကျပ်(သိန်း) |
|---|---|---|
| ၁။ ဆုကြီးပန်းအောင်တော်မူဘုရား အာရုံခံတိုက်ဆောက်လုပ်ခြင်း | = | ၁၀၄၉၇ိ/- |
| ၂။ အလယ်ထပ်ခေါင်းလောင်းတပ်ဆင်ခြင်း | = | ၄၈၅၈ိ/- |
| ၃။ ရင်ပြင်တော်တွင်ကွန်ကရစ်ကျောက်ပြားခင်းခြင်း | = | ၂၀၈၈၅၀ိ/- |
| ၄။ သောင်သုံးရန်စက်ရေတွင်းတူးခြင်း | = | ၅၇၆၄၃ိ/- |
| ၅။ သံပန်း၊ သံတံခါးတပ်ဆင်ခြင်း | = | ၄၂၀၀၀ိ/- |
| ၆။ အောင်ထပ်လိုဏ်ရုပ်ပွားတော်များဆေးသုတ်ခြင်း | = | ၁၅၅၅၀ိ/- |
| ၇။ အထက်ထပ်ရုပ်ပွားတော်ရွှေသင်္ကန်းကပ်လှူခြင်း (ယောဂီ ဦးပြည့်စုံ မှ လှူဒါန်းသည်) | | |
| ၈။ အောက်ထပ်ထပ်ရုပ်ပွားတော်ရွှေသင်္ကန်းကပ်လှူခြင်း | = | ၄၀၀၀၀ိ/- |
| ၉။ အောက်ထပ်လိုဏ်တာရာဇိကျောက်ပြားခင်းခြင်း | = | ၁၉၀၀၀၀ိ/- |
| ၁၀။ စိဋ္ဌသုခမွှာရုံဆောက်လုပ်ခြင်း | = | ၃၅၆၀၀၀ိ/- |
| ၁၁။ ထီးတော်သစ်တင်လှူခြင်း | = | ၈၅၀၀ိ/- |
| ၁၂။ အတွင်းရင်ပြင်ကျောက်ပြားခင်းခြင်း | = | ၄၅၈၅၀ိ/- |
| ၁၃။ ဘုရားအတွင်းကျောက်ပြားခင်းခြင်း | = | ၁၀၅၁၀၈ိ/- |


| | | |
|---|---|---|
| ၁၄။ သောက်ရေကန်ဆောက်လုပ်ခြင်း | = | ၁၅၈၀၀ိ/- |
| ၁၅။ ရုပ်ပွားတော်ရှိရာအတွင်းလိုဏ်ကြွေပြားခင်းခြင်း | = | ၂၃၅၅၀ိ/- |
| ၁၆။ တောင်ဘက်မုခ်ရင်ပြင်ကြွေပြားခင်းခြင်း | = | ၃၇၀၀၀ိ/- |
| ၁၇။ ရေလောင်းအိမ်သာဆောက်လုပ်ခြင်း | = | ၂၇၄၆၅ိ/- |
| ၁၈။ မြောက်ဘက်မုခ်ရင်ပြင်ကြွေပြားခင်းခြင်း | = | ၂၇၄၆၅ိ/- |
| ၁၉။ အရှေ့ဘက်လျှောက်လမ်းကြွေပြားခင်းခြင်း | = | ၄၆၇၂၅ိ/- |
| ၂၀။ အောက်ထပ်ရုပ်ပွားတော်ကြီးရွှေသုတ်ခြင်း | = | ၃၅၀၀ိ/- |
| ၂၁။ အောက်ထပ်ရုပ်ပွားတော်ကြီးရွှေချခြင်း | = | ၃၅၀၀ိ/- |
| ၂၂။ ဦးသန်းလွင်+ဒေါ်မြင့်မြင့်သန်းမိသားစုမှရွှေသင်္ကန်းကပ်လှူသည်။ | | |
| ၂၃။ ရုပ်ပွားတော်(၆)ဆူရွှေသုတ်ခြင်း၊ | | |
| လိုက်မုခ်ငယ်များသံတိုင်တပ်ခြင်း | = | ၂၂၀၀၀ိ/- |
| ၂၄။ ရုပ်ပွားတော်(၆)ဆူရွှေသုတ်ခြင်း | = | ၃၄၃၃၅၀ိ/- |
| ၂၅။ ရုပ်ပွားတော်(၆)ဆူ သံဇကာ ကာခြင်း | = | ၁၄၄၄၀ိ/- |
| ၂၆။ ရေလောင်းအိမ်သာဆောက်လုပ်ခြင်း | = | ၂၈၈၀၂ိ/- |
| ၂၇။ အင်ဂျင်မီးစက်ဝယ်ယူခြင်း | = | ၉၂၈၄၀ိ/- |
| ၂၈။ လက်တံရွှေသင်္ကန်းကပ်လှူခြင်း | = | ၇၇၈၆၄၀ိ/- |
| ၂၉။ ရင်ပြင်ပတ်လည်အုတ်ခင်းခြင်း | = | ၄၃၅၆၂၅၀ိ/- |
| ၃၀။ ရင်ပြင်ပတ်လည်ပန်ချောင်းများတပ်ဆင်ခြင်း | = | ၃၄၄၇၂၅ိ/- |



ကန်တော့ပလ္လင်ဘုရားဘေးမြင်သွင်ပုံ




ကန်တော့ပလ္လင်ဘုရားဖြတ်ပိုင်းပုံ



ကန်တော့ပလ္လင်ဘုရားပန္နက်ပုံ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဥယျာဉ်စဉ် | ၅ |
| ၂။ | ဂေါပကအဖွဲ့ | ၁၀ |
| ၃။ | ဂေါပကအဖွဲ့ဆောင်ရွက်ချက်များ | ၁၁ |
| ၄။ | ဓါတ်ပုံကဏ္ဍ | |
| ၅။ | နိဒါန်း | ၁၅ |
| | **အခန်း (၁)** | |
| ၆။ | မိသုကာလက်ရာမွန် | ၂၀ |
| ၇။ | ခေါင်းလောင်းစင် | ၃၅ |
| ၈။ | ကန်တော့ပလ္လင်ဂူတော်ကြီးနှင့်ပျက်စီးမှုပြုပြင်မှု | ၄၂ |
| ၉။ | ကန်တော့ပလ္လင်ဘုရားနှင့် ရှေးစကား | ၄၈ |

## အခန်း (၂)


| | | |
|---|---|---|
| ၁၀။ | ကောင်းမှုတော်တည်ထားမင်းနှစ်ပါး | ၅၂ |
| ၁၁။ | နရပတိစည်သူမင်း အလှူတော်များ | ၅၆ |
| ၁၂။ | ဓမ္မရာဇကဘုရား အလှူတော် | ၆၀ |
| ၁၃။ | စာကြီးဘုရားလှ အလှူ | ၆၃ |
| ၁၄။ | နားတောင်းများမင်း အလှူတော်များ | ၆၅ |
| ၁၅။ | ထီးလိုမင်းလို အလှူ | ၆၆ |
| ၁၆။ | မဟာထေရ်ဘုရား အလှူ | ၇၀ |


## အခန်း (၃)


| | | |
|---|---|---|
| ၁၇။ | မိသားစုရေးရာ | ၇၅ |
| ၁၈။ | နရပတိစည်သူ | ၇၅ |
| ၁၉။ | မိသားစုအလှူ | ၇၇ |
| ၂၀။ | နားတောင်းများမင်း | ၈၀ |
| ၂၁။ | မိသားစုအလှူ | ၈၁ |
| ၂၂။ | နိဂုံး | ၈၂ |
| ၂၃။ | ကျမ်းကိုးစာရင်း | ၉၂ |

# နိဒါန်း

ပုဂံမှာ ပုဂံဘုရားစာချိုးရှိသည်။

"ထုဓမ္မရံ၊ ညာဏ်သဗ္ဗည၊ အနန္တ အာနန္ဒ" ပုဂံဘုရားများတွင် ထုတည် အကြီးဆုံးဘုရားက ဓမ္မရံကြီး၊ ညာဏ်တော်အမြင့်ဆုံးဘုရားမှာ သဗ္ဗည ၊ အနုပညာလက်ရာအမြောက်ဆုံးဘုရားက အာနန္ဒာမကြာသေးမီကမှစာချိုးတစ်ခုတိုးလာသည်"တန်ခိုးမှာ ရွှေစည်းခုံ" တဲ့။ သို့ဆိုကစာချိုးတစ်ခု ထပ်တိုးရန်ကျန်ရှိနေသေးသည်။

" ဗိသုကာလက်ရာတွင် ကန်တော့ပလ္လင်" ဟူ၍မှန်သည်ကန်တော့ပလ္လင်ဂူတော်ကြီးမှာ ပုဂံဘုရားများတွင် ဘွဲ့မည်သုံးမျိုးဖြင့် ထင်ရှားသည်။

" ဂေါဓပလ္လင် "

" ဂေါဓောပလ္လင် "

" ကန်တော့ပလ္လင် " ဟူ၍

(၁) ကန်တော့ပလ္လင်ဘွဲ့မည်တွင်ရခြင်းမှာ အင်းဝခေတ် ပုဂံဘုရား စဉ်လက်ာတွင် နရပတိစည်သူမင်းကြီး၏ကောင်းမှုတော်ဂူဘုရားဘွဲ့ မည်များစပ်ဆိုရာ၌ " စူဠာမဏိ ၊ ဓမ္မရာခိုက ဂေါဓပလ္လင် " ဟုစပ်ဆို ခဲ့သည်။ လင်္ကာသွားနဘောကာရန်အရ ရှေ့က စူဠာမဏိ, အလယ်က ဓမ္မရာဓိ, က " ဏိ " နှင့် " ဓိ " ကာရန်ငဲ့စပ်ဆိုရာမှ ဓမ္မရာဇိကဘုရား ဟု လူသိများခဲ့သည်။

အမှန်မှာ " ဓမ္မရာဇက " သာ ကျောက်စာထွက် မူရင်းဘွဲ့မည် ဖြစ်သည်။

ထို့အတူ လက်ာတွင် အလယ်က " ဓမ္မရာဇိက " ကာရန်ကိုင့်၍နောက်ဆုံးဘုရားဘွဲ့မည်ကိုလည်း"ဂေါ်ဓပေလ္လင်" ဟု စပ်ဆို ခဲ့ရာမှ " ဂေါ်ဓပေလ္လင် " ဘွဲ့မည်တွင်ခဲ့ရခြင်းဖြစ်သည်။ တစ်နည်း (ဂေါ်ဓ) ဘီလူးအစွဲပြုဘွဲ့မည်ဟုလည်း ဆိုပါသည်။

(၂) " ဂေါ်ဓောပလ္လင် " ဘွဲ့မည်ရရှိခြင်းမှာ ဂေါ်တော့ပလ္လင် ဂူတော် ကြီး အဝင်အရှေ့ဘက်မုခ်အတွင်းရှိ ရုပ်ပွားဆင်းတု တော်ကြီးရှေ့ဝဲယာ တွင် ဘီလူးရုပ်နှစ်ရုပ်ရှိပါသည်။ ထိုဘီးလူးရုပ်နှစ်ရုပ်မှာ "ဂေါ်ဓော" နှင့် "ဂေါ်ဓ" အမည်ရှိ၍ ဘုရားဒါယကာ နရပတိစည်သူမင်းကြီး၏ မင်းဆရာ ပုံ့သကူမထေရ်ခေါင်ယူထားရှိခဲ့သော အထိမ်းအမှတ် ဘီလူးရုပ်တုများအဖြစ် အစဉ်အလာ ယုံကြည်ခဲ့ကြပါသည်။ ထိုအစောင့် ဘီလူး " ဂေါ်ဓော " " ဂေါ်ဓ " ညီနောင်နှစ်ပါး အနက် နောင်တော် ဘီးလူး "ဂေါ်ဓော" အမည်အနေဖြင့် "ဂေါ်ဓောပလ္လင်" ဘွဲ့မည်ကို ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။

(၃) "ကန်တော့ပလ္လင်ဘွဲ့မည် ခေါ်ဆိုခဲ့သည်မှာ မြန်မာ ရာဇဝင် သမိုင်းများ၌ ဖော်ပြလေ့ရှိသော အလောင်းစည်သူမင်း ဘိုးလောင်းတော်၊ ဘေးလောင်းတော်များကို ပြစ်မှားမိရာမှ မျက်စေ့နှစ်ကွင်း အလင်းမရဖြစ်သဖြင့် ဘေးလောင်းတော်

ရွှေစင်ရုပ် (၄၅) ရုပ် ထွင်းလုပ် ပြီး . အင်းပျဉ်ပလ္လင်နှင့် ဝန်ချကန်တော့မှ မျက်စေ့နှစ်ကွင်း အလင်းရခဲ့ သည်ဆို၏။ ခမည်းတော် အလောင်းစည်သူမင်း ဘေးလောင်းတော်တို့အား အင်းပျဉ်ပလ္လင်နှင့် ကန်တော့သောနေရာကို မြေးတော် နရပတိစည်သူမင်းက ဂူဘုရားစတင်တည်ထား၍ မပြီးပြတ်သည်ကို သားတော် နားတောင်းများမင်းက အပြီးတိုင် တည်ထားခဲ့ရာမှ "ကန်တော့ပလ္လင်" ဘွဲ့မည် ယနေ့တိုင် တွင်နေခြင်းဖြစ်သည်။

ထို့ကြောင့် "သုံးမည်ဘွဲ့ရှင်ကန်တော့ပလ္လင်" ဟူ၍ ဆိုရပေတော့မည်။

ပုဂံကိုချစ်သူ ၊ ပုဂံကို ရောက်လာသူတို့ ကန်တော့ပလ္လင်ဂူဘုရားကြီးသို့ မဖူးမဖြစ်သွားရောက်ကြည်ညိုဖူးမြော်ရင်း ဆွမ်းပန်း ၊ ရေချမ်း နှင့် ရွှေသက်န်းကပ်လှူသူများ လျှပ်စစ်မီး ပူဇော်၍ နဝကမ္မ အလှူငွေလှူဒါန်းကြသူများ တရားတိုင် ၊ အဓိဋ္ဌာန်စိတ်ပုတီးစိတ်သူများ ဖြင့် နေ့စဉ်စည်ကားလျက်ရှိပါသည်။

## ဗိသုကာတွင် ကန်တော့ပလ္လင်

အမှန်ပင် စာချိုးလောက်ပေသည်။ ခမည်းတော် နရပတိစည်သူနှင့် သားတော် နားတောင်များမင်းနှစ်ပါးက ဇေတဝန်ကျောင်း တော် ကိုယ်စားပုံစံတူဆောက်လုပ်၍ ဗုဒ္ဓဘုရားရှင် သတင်းသုံး စံပါယ်နေဟန် ရုပ်ပွားဆင်းတုတော်များ ထုလုပ်ကိုးကွယ်ခဲ့ကြောင်း ဆိုပါသည်။

ထိုအဆိုမှန်သည်ဟုဆိုရပေတော့မည်။ဆရာဇော်ဂျီက မိန့်ဟ ခဲ့ဖူးသည်။ "စေတနာ၊ သဒ္ဓါတရားဆန်းကြယ်တော့ စိတ်ကူးဆန်းကြယ် တတ်သည်ဟုဆိုပါသည်။"

ကောင်းမှုရှင်တို့မှာ ပုဂံဘုရားများကို ဗုဒ္ဓဘုရားသခင် သက်တော် ထင်ရှားရှိစဉ်က ပုဗ္ဗာရုံကျောင်းတော် ဇေတဝန် ကျောင်းတော်တို့ရှိ ဂန္ဓကုဋိတိုက်ခန်း၌ သတင်းသုံးစံပါယ်နေ သည်ကို ဖူးမြင် နေရသည်နှင့်မခြား စိတ်ကူးဆန်းကြယ်စွာဖြင့် တည်ထားခဲ့ကြခြင်း ဖြစ်ပါသည်။

အရှေ့ဘက်လှည့်ဂူဘုရားများဆိုလျှင် အနောက်မဖွင့်မ ဒေသ၌ ဘုရားပွင့်တော်မူခဲ့သည်ကို စိတ်ကူးနှင့်ရည်စူး၍ ဖူးမြင်နိုင်ရန် ဆင်းတု တော်များကို အရှေ့ဘက်မျက်နှာမူထား ရှိခဲ့ကြပါသည်။ ထိုသို့ မုခ်တစ်ခုသာရှိပြီး အရှေ့ဘက်မျက်နှာမူ ထားသော "ဂူ တို့ကို "ဘုရားဂူ" ဟုခေါ်ပါသည်။

သဗ္ဗညုဂူတော်ကြီးကို ဝိသာခကျောင်းအမကြီး ဆောက်လုပ် လှူဒါန်းခဲ့သည့်"ပုဗ္ဗာရုံကျောင်းတော်ကြီး" ၏ ပုံစံတုတည်ဆောက်ခဲ့သလိုကန်တော့ပလ္လင်ဂူတော်ကြီးကိုလည်း ကျောင်းဒကာကြီး အနာထပိဏ်သူဌေးကြီး ဆောက်လုပ် လှူဒါန်းခဲ့သည့် "ဇေတဝန်ကျောင်းတော်ကြီး" ပုံသွင် ဖန်ဆင်းတည်ဆောက်ခဲ့သည်ဟု ဆိုပါသည်။

ဂူတော်ကြီး၏ အောက်ခြေဖိနပ်တော်မှအစ အထွတ် စေတီထိအဆင့်ဆင့် တည်ဆောက်မှု ဗိသုကာပညာလက်ရာ များမှာ မည်မည်မျှ ခမ်းနားလှပတင့်တယ် ပြေပြစ်ဆန်းကြယ်ပုံ အဖုံဖုံ တို့ကို ကြည့်ညိုဖွယ် ဖူးမြင်လေ့လာနိုင်ပါသည်။

# အခန်း (၁)

## ဗိသုကာလက်ရာမွန်

ကန်တော့ပလ္လင်ဂူတော်ကြီးကို ဗိသုကာလက်ရာမွန်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ကန်တော့ပလ္လင်ဂူဘုရားကြီးသို့သွားရောက် လေ့လာဖူးမြင်ကြည့်က နည်းစနစ်မှန်ကန်သော ဗိသုကာ ပညာ အခြေခံအဆင့်ဆင့်ဖြင့် တည်ဆောက်ထားပုံတို့ကို တွေ့ကြရသည်။

(က) အောက်ခံတိုက်မ ၊ ဂန္ဓကုဋီ နှင့် လိုဏ်မုခ်ပတ်လမ်းများတည်ဆောက်မှု

(ခ) အပေါ်ထပ်ဂူလိုဏ်နှင့်မုခ်တံကဲများ တည်ဆောက်မှု

(ဂ) ပစ္စယာအဆင့်ဆင့် နှင့် ကွမ်းတောင်အထွတ်စေတီ ၊ထောင့်စေတီများတည်ဆောက်မှု

(ဃ) ရုပ်ပွားဆင်းတုတော်များ၊ အင်္ဂတေလက်ရာများ၊ နံရံဆေးရေးပန်းချီလက်ရာများ လုပ်ဆောင်မွမ်းမံမှု

(င) တံတိုင်းမုခ်ဦးစေတီများနှင့် တံတိုင်းကြီးကာရံတည်ဆောက်မှု ၊ အပိုင်းကြီး ( ၅ ) ပိုင်းကို လေ့လာတွေ့ရပါသည်။

## အောက်ခံတိုက်မတည်ဆောက်မှု

ကန်တော့ပလ္လင်ဂူတော်ကြီး အောက်ခံတိုက်မ ကို အာရုံခံမုခ် အရှေ့ဘက်ထုတ်၍ ဆက်စပ်တည်ဆောက်ထားပြီးတိုက်မသုံး ဘက်တွင် အဝင်မုခ်တစ်ခုစီထုတ်လျက် အပေါ်မှ စိန်တန်းပတ်လည် ပစ္စယာသုံးဆင့်တက်ထားသည်။ ပထမ ပစ္စယာနှင့် ဒုတိယပစ္စယာ နှစ်ဆင့်တွင် ပတ်လမ်းရှိပြီး တတိယ ပစ္စယာပေါ်၌ စကြံပတ်လမ်းကျယ် ရှိသည်။ တိုက်မပစ္စယာ သုံးဆင့်ထောင့်အသီးသီး၌ ထောင့်စေတီများ ရှိသည်။

တိုက်မသုံးဘက်ရှိ အဝင်မုခ်တစ်ခုစီပေါ်တွင် စေတီ တစ်ဆူစီရှိသည်။ တိုက်မကြီးအရှေ့ဘက် အာရုံခံမုခ်အထက် ပစ္စယာ ၊ နှစ်ဆင့်ထိပ်ဘက်ထောင့်တို့တွင်လည်း ထောင့်စေတီ တစ်ဆူ စီရှိသည်။ အာရုံခံအမိုးပေါ်မှ တတိယထပ်သို့တက်ရန် လှေကားနှစ်စင်းပြိုင်ပြုလုပ်ထားကာ ထိုလှေကားနှစ်စင်းထိပ် အပေါ်ထပ် အရှေ့ဘက်မုခ်အဝင် ရှေ့စကြံအလယ်တွင် စေတီ တစ်ဆူ အောက်ခံ တိုက်မပေါ်တွင် စေတီပေါင်း အဆူ (၂၂)ဆူ ရှိသည်။

အောက်ခံတိုက်မ သုံးဘက်ရှိ အဝင်မုခ်ဝဲယာတွင် မုခ်ပေါက် ငယ် (၂) ခုစီနှင့် တိုက်မအရှေ့ဘက်နံရံအစွန်းနှစ် ဘက်တွင် မုခ်ပေါက် ငယ် (၁)ပေါက်စီရှိပြီး အောက်ခံတိုက်မ ကြီး၌ မုခ်ပေါက်ကြီး (၄)ခု၊ မုခ်ပေါက်ငယ် (၁၆)ခု စုစုပေါင်း မုခ်ကြီး ၊ မုခ်ငယ် (၂၀) ရှိသည်။

၂၈၈၃၀

ကန်တော့ပလ္လင်ဂူတော်ကြီး အောက်ထပ်အတွင်းပိုင်း၌ အရှေ့ဘက် အာရုံခံမုခ်လိုဏ်ဖွဲ့ထားပြီး တိုက်မအတွင်းပိုင်း အလယ်မှ လေးထောင့်မဏ္ဍိုင်ထား၍ ပတ်လမ်းဖွဲ့ထားသည်။ အနောက်ဘက်၊ မြောက်ဘက်မျက်နှာတို့တွင် တံကဲကျောင်းဆောင်တွင်း၌ ရုပ်ပွား ဆင်းတုတော်ကြီးမှာ အုတ်အင်္ဂတေနှင့် ထုလုပ်ပူဇော်ထားရှိသည်။

ထိုဆင်းတုတော်ကြီးများရှေ့တွင် သင်ပုတ်ပလ္လင်တစ်ခုစီရှိသည်။ အရှေ့ဘက်ရှိ ရုပ်ပွားဆင်းတုတော်ကြီးရှေ့၌ ဂေါဓာ၊ ဂေါဓ ဘီလူးရုပ်နှစ်ရုပ်ရှိသည်။

အရှေ့ဘက်တိုက်မအတွင်း၊ အပြင်နံရံထုကိုဖောက်၍ အပေါ်ထပ်တက်နိုင်ရန် ကြောင်လိမ်လှေကား နှစ်စင်း၊ တောင်ဘက်တစ်ခု ၊ မြောက်ဘက်တစ်ခု ပြုလုပ်ထားသည်။

ကန်တော့ပလ္လင်ဂူတော်ကြီး အပေါ်ထပ်တည်ဆောက်မှုအပိုင်းအနေဖြင့် အောက်ခံတိုက်မကြီး၏ တတိယပစ္စယာ အပေါ်မှ စကြံလမ်းချန်၍ လေးမျက်နှာဂူတော်ကြီး တစ်လုံး တည်ထားသည်။ အရှေ့ဘက်အာရုံခံမုခ်လှည့်ဖြစ်ပြီး ထိုအာရုံခံမုခ်တောင်ဘက် ၊ မြောက်ဘက်နံရံမှ မုခ်ပေါက်ငယ် တစ်ခုစီရှိသည်။ တောင်ဘက် ၊ အနောက်ဘက် ၊ မြောက်ဘက်ရှိ အဝင်မုခ်ပေါက်ကြီးတို့ ဝဲယာတွင် ပြတင်းမုခ်ပေါက်ငယ် တစ်ခုစီရှိသည်။ အပေါ်ထပ်ဂူတော်ကြီးတွင်အဝင်မုခ်ပေါက်

ကြီး (၄)ခု ၊ မုခ်ပေါက်ငယ် (၂) ခု ၊ ပြတင်းမုခ်ပေါက် (၆)ခု ၊ စုစုပေါင်း မုခ်ပေါက်ကြီးငယ် (၁၂)ခု ရှိသည်။

အပေါ်ထပ်ဂူတော်ကြီး၏ တိုက်မထက်တွင်ထောင့်စိုက် စေတီပေါက်ပစ္စယာသုံးဆင့် နှင့် အရှေ့ဘက်အာရုံခံမုခ်ထက်၌ ပစ္စယာ နှစ်ဆင့် ၊ အောက်ပစ္စယာဝဲယာမှာ စေတီရံတစ်ဆူစီရှိသည်။ ထိုမှ တိုက်မပေါ်ရှိ ပစ္စယာသုံးဆင့်၏လေးဘက်တွင် အလယ်မှ နတ်လှေကားမုခ်ငယ် သုံးဆင့်စီရှိပြီး ပတ်လမ်းငယ်သုံးဆင့်ပါရှိသည်။ ထိုအထက်မှ ကလသာအိုးအယောင်ခံ၍ ကွမ်းတောင်ကြီးပေါက် ထားသည်။ ကွမ်းတောင်ထက်ဘေးဘက်အစွန်မှ ခွန်ငုတ်တစ်ခုစီအတွင်း၌ လည်ရစ်အပေါ်မှ ရွဲတန်း ၊ ခေါင်းလောင်းနား ၊ ခါးပတ် ၊ အထက်မှ သပိတ်မှောက် ၊ ဖောင်းရစ် ၊ ကြာမှောက် ၊ ကြာလှန် ပုလဲတန်း ၊ ခရားသီး ၊ အထွတ်တင်ထီးတော်ဆောက်၍ ကွမ်းတောင်ပေါက်စေတီကြီးကိုသပ္ပယ်စွာအဆင့်ဆင့်တည်ဆောက်ထားသည်။ ကန်တော့ပလ္လင် အထက်လိုဏ်ဂူတော်ကြီးအပေါ်တွင် ကွမ်းတောင် စေတီအပါအဝင် အရံစေတီ (ထောင့်စေတီ) ပေါင်း ( ၅ ) ဆူရှိသည်။ ကန်တော့ပလ္လင်ဂူတော်ကြီး၌ အထက်အောက်စေတီကြီးငယ် (၁၇)ဆူ ရှိသည်။ အထက်အောက်မုခ်ပေါက်ကြီးငယ် (၃၂) ပေါက်ရှိပါသည်။

အပေါ်ထပ်ရှိဂူလိုဏ်အတွင်း၌ အလယ်မဏ္ဍိုင်နှင့် ပတ်လမ်း ရှိပြီး အလယ်မဏ္ဍိုင်နံရံကို ကျောမှီပြုထုလုပ်ထားသော အုတ်အင်္ဂတေရုပ်ပွားတော်ကြီး ( ၄ )ဆူသာရှိပါသည်။

ထိုဆင်းတုတော်ကြီး၏ ဝဲယာရှိတိုက်မအတွင်း အရှေ့ဘက် နံရံထုကို တွင်းဖောက်၍ ကြောင်လိမ်လှေကား နှစ်သွယ်ဖောက်လုပ် ထားသည်။ ကန်တော့ပလ္လင်ဂူတော်ကြီးတွင် မြေညီထပ်မှ ကွမ်းတောင် ခြေထိ တက်ရောက်နိုင်ရန် လှေကား ကြီး ငယ် အဆင့်ဆင့်သွယ်တန်း ဖောက်လုပ်ထားသည်။

မြေညီထပ်ဂူလိုဏ်အတွင်းမှ တောင်ဘက် ၊ မြောက်ဘက်ရှိထုထဲသော နံရံကြီးကို ဖောက်၍တစ်ဆစ်ချိုး ကြောင်လိမ်လှေကား (၂) သွယ်အာရုံခံအမိုးပြင်ပေါ်မှ အပေါ်ထပ်လိုဏ်ဂူရင်ပြင်စင်္ကြံအထိ တက်ရောက်နိုင်သည့် လှေကား (၂) သွယ်အပေါ်ထပ်ဂူတော်ကြီးတွင် တိုက်မအရှေ့ဘက်နံရံမှ အာရုံခံအမိုးပေါ်ထိတက်ရောက်နိုင်သောကြောင်လိမ်လှေကား (၂) သွယ်မှ ကွမ်းတောင်ခြေထိတက်ရောက်ရန် နတ်လှေကား (၃) သွယ် ပေါင်းလှေကားကြီးငယ် (၉) သွယ်ရှိပါသည်။

# ကန်တော့ပလ္လင်ဂူတော်ကြီး

ကန်တော့ပလ္လင်ဘုရားကြီးမှာ လိုဏ်လေးဆင့်ခံနှစ်ထပ်လိုဏ်ဂူတော်ကြီး ဖြစ်သည်။ ဖိနပ်တော် မှ ချရာသီးအထိ (၁၈၀)ပေ ဉာဏ်တော်မြင့်မားသည်။ အဆင့်အားဖြင့် ခုနှစ်ဆင့် တက်ရောက် နိုင်သည်။

ပထမလိုဏ်ပတ်လမ်းမှာ မြေညီထပ်ဖြစ်သည်။ ဒုတိယလိုဏ် ပတ်လမ်းမှာ ဒုတိယပစ္စယာအတွင်း အုတ်ခိုမှောင်ပတ်လမ်းဖြစ်သည်။

တတိယလိုဏ်ပတ်လမ်းမှာ အထက်ဆင့်လိုဏ်ဂူပတ်လမ်း ဖြစ်သည်။

စတုတ္ထလိုဏ်ပတ်လမ်းမှာ အထက်လိုဏ်ဂူတော်ကြီး၏ ဒုတိယ ပစ္စယာအတွင်းရှိ အုတ်ခိုအမှောင်လိုဏ်ပတ်လမ်းတို့ဖြစ်သည်။ စတုတ္ထလိုဏ်ပတ်လမ်းမှာ (၁၉၇၅)ခုနှစ် ငလျင်ဒဏ်ခံရ၍ ဒုတိယ ပစ္စယာအား ပြုပြင်စဉ်တွင် အကျယ် (၅)ပေ (၆)လက်မ ပေါင်းကူး အမြင့် ကြမ်းပြင်မှ အမိုးအထိ ( ၈ )ပေ ( ၃ )လက်မ လိုဏ်ပတ်လမ်းကြီး အဖြစ် တွေ့ရှိခဲ့သည်။

ကန်တော့ပလ္လင်ဂူတော်ကြီးကိုသက္ကရာဇ် (၅၆၅)ခုနှစ်တွင် စတင်တည်ဆောက်၍ သက္ကရာဇ် (၅၈၈ )အပြီးသတ်ခဲ့သည်ဟု ဆိုပါသည်။ အချို့မှတ်တမ်းများက ဂူတော်ကြီးအား (၈)နှစ်ကြာ တည်ဆောက်ရသည်ဟု ဆိုပါသည်။

ကန်တော့ပလ္လင်ဘုရားကြီးသည် ပုဂံခေတ်သား မြန်မာဗိသုကာပညာရှင်ကြီးများ လက်စွမ်းပြတည်ဆောက်ထားသော မြန်မာ စစ်စစ် အနုပညာလက်ရာများကို တွေ့နိုင်သည်။ ခေတ်ဟောင်းဗိသုကာလက်ရာမှ ခေတ်သစ်ဗိသုကာလက်ရာအသွင် ကူပြောင်း တည်ဆောက်ခဲ့မှုကြောင့် ဂူတော်ကြီးတစ်ခုလုံး မြန်မာဆန်ကာ လှပ ပြေပြစ်နေသည်။ မုခ်ပေါက်များစွာဖြင့် ဖွဲ့စည်းတည်ဆောက်ထား၍ လေဝင်လေထွက် အလင်းရောင်ကောင်းစွာရရှိသည်။ မုခ်ပေါက် ကြီးငယ်အသွယ်သွယ်တို့အား မွမ်းမံမှုအပိုင်းတွင် နှစ်ထပ်တံကဲ စေတီပုံတံကဲများနှင့် ပုံဖော်မှုအဆင်တန်ဆာ လက်ရာအနုအလှ ၊ အကြွအရွတို့ဖြင့် လှပတင့်တယ် ရှုချင်စဖွယ် တွေ့နိုင်သည်။

ဂူဘုရားကြီးတစ်ခုလုံး၏ တည်ဆောက်မှု ပြေပြစ်၍ အလှပဆုံးသောအရာမှာ ကွမ်းတောင် တည်ဆောက်မှုပင် ဖြစ်သည်။ ပုဂံရှိ ကွမ်းတောင်ပေါက်ဘုရားများတွင် ကန်တော့ပလ္လင်ဘုရားကြီး ၏ ကွမ်းတောင်အချိုးအစားမှာ ကျန၍ အလှပဆုံးဖြစ်သည်။ (၁၉၇၅) ခုနှစ် ပုဂံငလျင်ဒဏ် မခံရမီက ကန်တော့ပလ္လင်ဘုရားကြီး၏ ကွမ်းတောင် မှာ(၈၀) ရာခိုင်နှုန်း မူလပုဂံခေတ်ကွမ်းတောင်အသွင် ကျန်ရှိသည်။ ကွမ်းတောင်ပုံစံမှာ ပျော့ပျောင်းသွက်လက် လှပလွန်းသည်။ ယခုပြုပြင်ပြီးလက်ရှိကွမ်းတောင်ပုံစံမှာ ရှေးမူမပျက်သော်လည်း

ပျော့ပျောင်းသွက်လက်မှု အားနည်းသွားသည်။မာကျောကျော တောင့်တောင့်တင်းတင်းအသွင်ကို ဆောင်နေသည်။

ပုဂံဘုရားများရှိ ကွမ်းတောင်များမှာ တစ်မျိုးစီလှပ တင့်တယ် ကြပါသည်။ သို့သော် ကန်တော့ပလ္လင်ဘုရား ကွမ်းတောင်ကား သာလွန်လှပနေသည်ဟု ဆိုသည်။ သို့ဖြင့် ရှေးဟောင်းသုတေသနဌာနကပင်ကန်တော့ပလ္လင်ကွမ်းတောင် ကို စံပြနမူနာပြုထားရသည် အထိ ဖြစ်ပါသည်။

ကန်တော့ပလ္လင်ဂူတော်ကြီးသည် ကွမ်းတောင်အလှ သာထင်ရှားသည်မဟုတ်။ဂူတော်အဆင့်အဆင့်တည်ဆောက် ပုံမှာ လည်း သွယ်လျလှပပြေပြစ် တင့်တယ်နေသည်။ နှစ်ထပ်ဂူ လိုဏ်ဘုရားများ၌ သဗ္ဗညု ၊ စူဠာမဏိ ၊ ထီးလိုမင်းလို ဘုရားကြီးများကို ခန့်ထည်ကြီးမားမှု အသွင်အပြင်နှင့် မတူတစ်မူ ထူးခြားနေပုံကို နှိုင်းယှဉ် ကြည့်ကသိသာပါသည်။

ပုဂံဘုရားများမှာ အလှကိုယ်စီ ရှိကြပါသည်။ထိုအထဲ မှစံထားလောက်သည့် ကြီးမားမှု ၊ မြင့်မားမှု ၊ ခန့်ညားမှု အနုပညာ လက်ရာကြွယ်ဝမှု ၊ ဆန်းသစ်မှု ၊ အချိုးအစား ပြေပြစ်မှု၊ လှပတင့်တယ်မှု၊ လက်ရာပြောင်မြောက်မှု၊ ဆန်းကြယ်မှု စသည်ဖြင့်အစိတ်အပိုင်း တစ်ခုစီ၏ လှပမှုတို့ကို စံပြုသတ်မှတ်ချက်များ ရှိပါသည်။

ဂူဘုရားကြီးများအနေဖြင့် ပုံစံအားဖြင့် ဓမ္မရံကြီးဘုရား ဆိုလျှင် ထုထည်ကြီးမားမှု စံပြသတ်မှတ်ချက် တစ်ခုပါ ။ သဗ္ဗညုဘုရားက မြင့်မားခန့်ညားမှု ပြယုဒ် တစ်ခုပါ။ အာနန္ဒာ ဘုရားမှာ ဗိသုကာ လက်ရာ နှင့် အနုပညာလက်ရာ ကြွယ်ဝမှုစံ တစ်ခုပါ ။ မဟာဗောဓိ ဘုရား နှင့် ရွှေဂူကြီးဘုရားတို့မှာ သီရေခေါ် ကွမ်းတောင်၏ ထူးခြား လှပမှု စံပြပါ ။ကန်တော့ပလ္လင် ဘုရားကကွမ်းတောင်အပါအဝင်ဂူတော်ကြီးတစ်ခုလုံး၏ ဗိသုကာအချိုးအစား ကျနပြေပြစ်လှပ တင့်တယ်မှု စံနမူနာ တစ်ခုပါ။ စေတီထူပါဘုရားများအပိုင်းမှာဆိုလျှင် ရွှေစည်းခုံ ဘုရားသည် စေတီတော်ကြီး ပြည့်ဖြိုးကြံ့ခိုင်မှု နှင့် တန်ခိုး ကြီးမှုမှာ အတုမရှိပါ။ ရွှေဆံတော်ဘုရားသည်မတ်စောက် မြင့်မားသည့် ပစ္စယာငါးဆင့်အထက်က သွယ်လျသော စေတီ တော်၏ လှပမှု စံပြပါ။ ဓမ္မရာဇကဘုရားမှာ ငါးမျက်နှာဘုရား များတွင် စေတီ နှင့် ဂူတွဲ ငါးမျက်နှာအဖြစ် ဆန်းသစ်မှု လက်ရာတစ်ခုပါ။ ထူပါပုံဘုရား ထဲက စိမ်းညက်ညီမ ထူပါ ပုထိုးပုံမှာ လက်ရာသွယ်လျ သွက်လက်လှပ ပြီး ဖြတ်စရွှေဂူ ကုန်းရှိ ထူပါပုထိုးပုံက ပြည့်ဖြိုးလှပမှု နှိုင်းယှဉ်စံပြု သတ်မှတ် ချက်နှစ်ခုပါ။

ထိုထိုသော ပုဂံဘုရားများမှ စံပြုသတ်မှတ်ချက်တွေ ထဲက ကန်တော့ပလ္လင်ဂူတော်ကြီးမှာ တစ်ဆူလုံး စံပြုလက်ရာ

သတ်မှတ်ချက် တွင်ပါဝင်နေသဖြင့် ထူးခြား မြင့်မြတ်လှပါသည်။ အမှန်မှာလည်း ဂူတော်ကြီးတစ်ခုလုံးကို ခြုံငုံဖူးမြော်ကြည်ညိုကြည့်ပါလျှင် . . . .

အထွတ်စေတီ၏ အချိုးကျသွယ်လျမှု ၊ ကွမ်းတောင်ပျော့ပျောင်းမှု ၊ တင့်တယ်လှပမှု ၊ ဂူနှစ်ဆင့်၏ ပြေပြစ်ခန့်ညားမှုပစ္စယာ အဆင့်ဆင့် စိန်တန်းအသွယ်သွယ်တို့၏အတိုးအဆုတ်အချိုးအဆစ် လှပပြေပြစ်မှု ၊ နတ်လမ်းများ စေတီရံကြီးငယ်တို့၏ စုလစ်မွန်ချွန် မိုးခေါင်တစ်ခွင် လှပတင့်တယ်မှုတို့ဖြင့် ပြည့်စုံနေပါသည်။ ပုဂံမြို့ဟောင်းအနောက်ဖျားဧရာဝတီမြစ်ကမ်းပါးပေါ်ရှိ ကန်တော့ပလ္လင် ဘုရားကြီးသည် ထူးခြားပေါ်လွင်နေပါသည်။ ကန်တော့ပလ္လင် ဘုရားကြီးကို အရှေ့ဘက်အဝေး ထီးလိုမင်းလိုဘုရားပေါ်မှ အနီး သဗ္ဗညုဘုရားပေါ်မှ နေဝင်ချိန် ဖူးမြော်ရသောမြင်ကွင်း၊ အနောက် ဘက်အဝေး တန့်ကြည့်တောင်ပေါ်မှ၊အနီး ဧရာဝတီမြစ်လယ်မှ နေထွက်ချိန် ဖူးမြော်ရသော မြင်ကွင်းတို့မှာ အလှပဆုံးအချိန် ဖြစ်ပါသည်။

# ရုပ်ပွားဆင်းတုတော်များ

ကန်တော့ပလ္လင်ဂူတော်ကြီးတွင် အဓိက ဆင်းတုတော်ကြီးငါးဆူသာ ရှိပါသည်။ အောက်ထပ်တွင် လေးဆူ ၊ အပေါ်ထပ်တွင် တစ်ဆူဖြစ်ပါသည်။ ဆင်းတုတော်ကြီးငါးဆူ၏ အနေအထား ထုလုပ် ထားပုံမှာ " ဘူမိဖဿမုဒြာ " မြေသက်သေတည်ဟန် ဗောဓိပင်နှင့် ရွှေပလ္လင်အောင်ခန်းပုံတော်များ ဖြစ်ပါသည်။ အောက်ထပ်ရှိ ရုပ်ပွား ဆင်းတုတော်ကြီးလေးဆူ ထုလုပ်ပူဇော်ထားပုံမှာ အလယ်မဏ္ဍိုင် နံရံလေးဘက် ဗဟိုနေရာတွင် ကျောမှီပြု၍ အောက်ကပလ္လင်ခံပြီး အပေါ်နောက်ပိုင်းမှ နံရံကပ်တံကဲပြုလုပ်ကာ တင်ပျဉ်ခွေ အုတ်အင်္ဂတေ ဆင်းတုကြီးတစ်ဆူစီ ထုလုပ်ပူဇော်ထားသည်။ ရုပ်ပွားဆင်းတုကြီးလေးဆူ ဦးခေါင်းတော်အထက်တွင် ဗောဓိညောင်ပင်ပုံ နံရံဆေးရေးပန်းချီ ရေးခြယ်ထားပါသည်။ ယခုအခါ ပြုပြင်မှုများ အောက်၌ ဝိုးတဝါးသာ တွေ့မြင်နိုင်တော့သည်။ ကန်တော့ပလ္လင် ဂူတော်ကြီးအတွင်း နံရံများရှိ မူလပန်းချီလက်ရာများမှာ ခေတ်အဆက်ဆက် ထုံးသင်္ကန်းကပ်လျှုခြင်း၊ သစ်စေးသုတ် ရွှေသင်္ကန်းကပ်လှူခြင်း ၊ နှောင်းခေတ်ကုသိုလ်ကောင်းမှု ပြုလုပ်ကြခြင်းအောက် ပျောက်ကွယ်ပြီး ၊ ပျောက်ကွယ်လုလု အခြေအနေ ရှိနေပါသည်။

ရုပ်ပွားဆင်တုတော်ကြီးများ ကိုလည်း ရွှေသင်္ကန်းများ ကပ်လှူထားပါသည်။ ဂူတော်ကြီးမှာ အရှေ့ဘက်မျက်နှာလှည့် ဖြစ်သော်လည်း အဝင်မုခ်လေးမုခ်ထားရှိပြီးအရပ်လေးမျက်နှာမှ ဝင်ရောက် ဖူးမြော်နိုင်ရန် ရုပ်ပွားဆင်းတုတော်ကြီး လေးဆူ လေးမျက်နှာ၌ ထုလုပ်ထားရှိခြင်း ဖြစ်ပါသည်။

မုခ်လေးဘက်ရှိ ရုပ်ပွားဆင်းတုတော်ကြီးတို့၏ ရှေ့တည့်တည့် တွင် ဆွမ်း ၊ ပန်း ၊ ရေချမ်း ကပ်လှူရန် သင်ပုတ်ပလ္လင်တစ်ခုစီ ရှိပါ သည်။ အစဉ်အလာစကားအရ ထိုဆင်းတုတော်ကြီးလေးဆူအား

အရှေ့ဘက် ဆင်းတုကို ဆွမ်း

တောင်ဘက် ဆင်းတုကို ကျမ်း

အနောက်ဘက် ဆင်းတုတော်ကို ပန်း

မြောက်ဘက် ဆင်းတုကို ရေချမ်း

ကပ်လှူခြင်းဖြင့် လိုရာဆုနှင့် ပြည့်စုံကြောင်း ပြောစမှတ်ရှိပါသည်။

ချွင်းချက်အနေဖြင့် တောင်ဘက်ဆင်းတုက ကျမ်းဆိုသည်မှာ ဆင်းတုရှေ့ရှိ သင်ပုတ်ပလ္လင်ပေါ်တွင် ကျမ်းစာ (ကျိန်စာ)များ ထားရှိ၍ အမှုတဘောင် ပေါ်ပေါက်ပါက ထို တောင်ဘက်မုခ် ဆင်းတုကြီးရှေ့ ပလ္လင်ပေါ်ရှိ ကျမ်းစာများကို နှစ်ဦးနှစ်ဖက် ကိုင်တွယ်၍ ကျမ်းကျိန် ကြရာတွင် မမှန်ကန်သူ

ကို ကျိန်စာသင့်လျက် သားစဉ်မြေးဆက် ဘ၀ ပျက်ကြရသည် ဆိုပါသည်။

ထိုကျိန်စာများ ကွယ်ပျောက်ပြီးနောက် လက်တွေ့တရားစီရင် ရေးကျသော ညပ်ကြီး ပေါ်ပေါက်ခဲ့ပြန်သည်ဟု ဆိုပါသည်။ ထို ညပ်ကြီးက မမှန်ကန်သူ လက်ထိုးလျှင် အလိုအလျောက် လက်ကိုဖြတ်လိုက်သည်ဆိုပါသည်။ ယင်းညပ်ကြီး ကွယ်ပြန်သောအခါ ဂေါ်ဓေါ် ဂေါ်ဓေါ်လူးတို့က တရားစီရင်ကြပြန်သည်ဟု ဆိုပါသည်။

ဖြစ်နိုင်သော အဖြေတစ်ခုကို ရှာကြံကြည့်မိပါသည်။ တောင်ဘက်က ကျမ်း ဆိုသည်မှာ ရုပ်ပွားဆင်းတုကြီးအား ဗုဒ္ဓကျမ်းစာများ လျှုဒါန်းခြင်း ဖြစ်နိုင်ကြောင်း ယူဆမိပါသည်။

အောက်ထပ်ရှိ တောင်ဘက်ရုပ်ပွားဆင်းတုတော်ကြီး (၅)ဆူ ၊ အနောက်ဘက်ရုပ်ပွားတော်ကြီး (၅)ဆူ ၊ မြောက်ဘက်ရုပ်ပွားဆင်းတုတော်ကြီး (၅)ဆူ ၊ အရှေ့ဘက်ရုပ်ပွားတော်ကြီး (၁) ဆူကို လှည့်ပတ်ဖူးမြော်ပြီးနောက် အထက်ထပ်ရှိ ဆင်းတုတော်ကြီး(၄) ဆူကို ဖူးမြော်နိုင်ပါသည်။ ထိုဆင်းတုတော်ကြီးမှာ ဂူတိုက်အတွင်းရှိ အလယ်မဏ္ဍိုင် အရှေ့ဘက်နံရံကိုမှီ၍ အရှေ့ဘက်မျက်နှာမူ ထုလုပ်ထားပါသည်။ အောက်မှ ပလ္လင်ခံ၍ အထက်မှာ တံကဲကျောင်းဆောင်ပုံ ပါရှိပြီး မြတ်စွာဘုရားသခင် သက်တော်ထင်ရှား သီတင်းသုံး စံပါယ်တော် မူဟန်

အတိုင်း ဖူးမြော်နိုင်ကြရန် စီစဉ်ထုလုပ်ထားပါသည်။ ပုဂံ လိုဏ်နှစ်ဆင့်ဂူဘုရားအများစုမှာ အောက်ထပ်လေးဆူ၊ အပေါ်ထပ်လေးဆူ ရုပ်ပွားဆင်းတုတော်များ ထုလုပ်ပူဇော်လေ့ရှိပါသည်။ ပုံစံ ။ စူဠာမဏိ၊ ထီးလိုမင်းလိုဘုရား တို့ဖြစ်ပါသည်။

အပေါ်ထပ် ဆင်းတုတစ်ဆူတည်းထားရှိ ပူဇော်သောဘုရားမှာ "သဗ္ဗညု" ဘုရားတစ်ဆူသာဖြစ်ပါသည်။ ၈င်စစ်ဂူလိုဏ်ဘုရားတို့မှာ ကျောင်းဆောင်ဖြစ်ပါသည်။ ထို ူလိုဏ်များအတွင်းရှိ ရုပ်ပွားဆင်းတုတော်များကသာ ဗုဒ္ဓကိုယ်စားကိုးကွယ်ကြည်ညိုဖွယ်ရာ ဖြစ်ပါသည်။

## မဟာရာမ်တံတိုင်း

ပုဂံခေတ်ထိုး မြန်မာကျောက်စာအချို့တွင် " အုတ်အတိ ပြုသော တံတိုင်းလည်းဖွဲ့၏ " " တံတိုင်းဖွဲ့သော " " တံခါးအစုံ နှင့် တံတိုင်းလေးမျက်နှာပြု၏ " ဟု ရေးထိုးမှတ်တမ်းတင်ထားပါသည်။

စေတီ၊ ဂူ၊ ပုထိုးကြီးများရှိ အပြင်တံတိုင်းကြီးမှာမဟာရာမ် တံတိုင်းကြီးများ ဖြစ်ပါသည်။မဟာရာမ်တံတိုင်းကြီးများတွင် ကျောက်စာပါ အတိုင်း တံခါး၊ မုခ်အစုံ တံတိုင်းလေးမျက်နှာ ရှိပါသည်။ မဟာရာမ်တံတိုင်းကြီးများကိုစတုရန်းကျကျအုတ်အတိ လေးဘက်ဖွဲ့၍ ကာရံထားပါသည်။

မျက်နှာတစ်ဖက်၏ အလယ်ဗဟိုတွင် အဝင်မုခ်တစ်ခု ရှိပါ သည်။ ထိုအဝင် လိုဏ်မုခ်တို့ကို ကွမ်းတောင်ပေါက်စေတီ နှင့် ရိုးရိုး စေတီပေါက်ထားလေ့ရှိပါသည်။ အဝင်မုခ်တွင် တစ်တက်တစ်ချက်၌ သစ်သားတံခါးတိုင်လည်ရန် ကျောက်ဆုံ တစ်ခုစီ မြှုပ်၍ထားရှိပြီး အပေါ်တွင် တံခါးတိုင်စွပ်ရန် သံကွင်းတစ်ဘက်စီ ပါရှိပါသည်။ ဂူဘုရားကြီးများမုခ် အဝင် ပေါက်တို့ကိုလည်း ထိုနည်းဖြင့် သစ်သားတံခါးများ တပ်ဆင် လေ့ရှိပါသည်။

ကန်တော့ပလ္လင်ဂူတော်ကြီးကိုလည်း အပြင်မှ မုခ်ဘေး ဘက်ရှိ မဟာရာမ်တံတိုင်းကြီး ကာရံထားပါသည်။မူလတံတိုင်း အဝင် မုခ်တံခါးများ မရှိတော့၍ သံတံခါးများဖြင့် လုံခြုံမှု ပေးထားပါသည်။

## အတွင်းတံတိုင်း

ကန်တော့ပလ္လင်ဘုရားကြီးတွင် အပြင်မဟာရာမ် တံတိုင်းကြီး နှင့် အတွင်းမီးတားတံတိုင်းငယ်ဖွဲ့ တည်ဆောက် ထားပါသည်။ အတွင်းတံတိုင်းမှာ ဂူတော်ကြီးနှင့် အောက်ခံ (၃)ပေခန့်ရှိ အုတ်ခုံ နှင့် ဆက်စပ်ပြုလုပ်ထားပြီး မီးတာ အတွင်း တံတိုင်းငယ်ကို ဂူတော် ကြီး ပန္နက်ပုံစံအတိုင်း အတိုးအဆုတ် အချိုးများနှင့် (၃)ပေ (၅)လက်မခန့် အုတ်တိုင်များဖြင့် လှပစွာ ပေါ်ဆောင်ထား ပါသည်။ ထိုတံတိုင်းငယ်၏ လေးဘက်

အလယ်မှ ဂူဘုရားကြီး မုခ်လေးဝ နှင့်အတည့် လှေကားတစ်ခုစီ ပြုလုပ်ထားပါသည်။

## ခေါင်းလောင်းစင်

ကန်တော့ပလ္လင်ဘုရားကြီး၏ အရှေ့တောင်ယွန်းယွန်းတွင် ကြေးစင်နှင့် သွန်းလုပ်သော ခေါင်းလောင်းကြီးချိတ်ဆွဲရာ ခေါင်းလောင်းစင်ကြီး ရှိပါသည်။ ထိုခေါင်းလောင်းစင်ကြီးမှာ ဂူဘုရား ကြီး တည်ထားပြီး၍ ဂူလွှတ်ပွဲ (ဘုရားပွဲ) ဗုဒ္ဓဘိသေကအနေကဇာ တင်ချိန်ကပင် လှူဒါန်းထားရှိခဲ့သော ခေါင်းလောင်းကြီး ဖြစ်ပါသည်။ ယင်းခေါင်းလောင်းကြီးမှာ ဟံသာဝတီ - အင်းဝ စစ်ပွဲတွင် သဗ္ဗညု ဘုရား ခေါင်းလောင်းကြီးနှင့် အတူ ဖျက်ဆီးခံခဲ့ရသည်ဟု သိရပါသည်။ ထိုအချိန်မှစပြီး ခေါင်းလောင်းစင်ကြီးတွင် ခေါင်းလောင်းကြီးကင်းမဲ့ လာခဲ့ပြီး (၁၉၈၀)ခုနှစ် နောက်ပိုင်း ဂေါပကအဖွဲ့မှ ခေါင်းလောင်း သစ်တစ်လုံး အစားထိုးချိတ်ဆွဲ လှူဒါန်းထားရှိခြင်း ဖြစ်ပါသည်။

## ကျောက်စာလစ်လပ်

ပုဂံဘုရားများတွင် ကြီးမားထင်ရှားသည့် ဂူဘုရားကြီးများမှာ ကျောက်စာလစ်လပ်နေသည်။ အာနန္ဒာ ၊ သဗ္ဗညု ၊ ကန်တော့ပလ္လင်၊ နဂါးရုံ ၊ အပယ်ရတနာ ၊ ဂူပြောက်ကြီး စသည့် . . . . . ။

ဖော်ပြပါ ဘုရားများမှ ကျောက်စာများသည် အမရပူရ ဘိုးတော်ဘုရားက ကျောက်စာသိမ်းအမိန့် ထုတ်ပြန်၍ မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ ဘုရားများမှ ကျောက်စာများကို သိမ်းယူခဲ့ပါသည်။ ပုဂံဘုရားများမှ ကျောက်စာ (၅၀၀)ကျော် ပါဝင်ခဲ့၍ ကျောက်စာတည် မူလနေရာမှ ရွေ့လျားပျောက်ဆုံးခဲ့ဟန်တူသည်။

ကန်တော့ပလ္လင်ဘုရားကြီးတွင် ကျောက်စာလစ်လပ်နေသဖြင့် ဂူဘုရားကြီးတည်ဆောက်မှု ၊ ကျောက်စာသမိုင်း ၊ အလှူမှတ်တမ်း ၊ လှူဒါန်းသောပစ္စည်းများ အကြောင်းများကို လေ့လာဖတ်ရှုခွင့် မရတော့၍ အရေးပါသောသမိုင်းတန်ဘိုးများ ဆုံးရှုံးခဲ့ရသည်။ ယခုအခါ ရှေးဟောင်းသုတေသန နှင့် ဂေါပကအဖွဲ့မှ ကန်တော့ပလ္လင်ဘုရားသမိုင်းအကျဉ်း မြန်မာ - အင်္ဂလိပ် နှစ်ဘာသာ ဖြင့် ရေးထိုးခဲ့သည့် ကျောက်စာကိုသာ တွေ့မြင်ဖတ်ရှုနိုင်တော့သည်။

ကန်တော့ပလ္လင် စေတီတော်မြတ်ကြီးကို " သီရိတြိဘုဝနာ ဒိတျပသရ ဓမ္မရာဇာ " ဘွဲ့ခံ နရပတိစည်သူမင်းကြီးသည် သက္ကရာဇ် (၅၆၅) ခုနှစ်တွင်တည်ဆောက်ပြီး နားတောင်းများမင်းက သက္ကရာဇ် (၅၈၈)ခုနှစ်တွင် အပြီးသတ်ထားသည်ဟု အဆိုရှိသော ဤဂူဘုရားကြီး မှာ ယခုအခါ ပြုပြင်မှုများ၍ ရှေးဟောင်းအသွင်ထက်ထုံးဖွေးဖွေး ဖြင့် သစ်လွင်နေပေတော့သည်။

" ဂေါဝဟူသော ဘီလူးကြီးပလ္လင် နေရာတွင်တည်ဆောက်သဖြင့် ဂေါဝပလ္လင်ဟုလည်းကောင်း ၊ ဂေါဓာပလ္လင်ဟုလည်းကောင်း၊ အလောင်းစည်သူမင်းကြီးလက်ထက် ဘေးလောင်းတော် ၊ ဘိုးလောင်း တော်တို့အား ကန်တော့သောနေရာတွင်တည်ထား၍ကန်တော့ပလ္လင်ဟုလည်းကောင်း ရေးသားဖော်ပြကြလေသည် " စသည့်ဖြင့် ဦးဗိုကေက သူ၏ ပုဂံသုတေသနလမ်းညွှန်စာအုပ် ၊ စာမျက်နှာ (၂၈၈ - ၂၈၉) တွင် ရေးသားထားခဲ့ပါသည်။

ကန်တော့ပလ္လင်ဘုရားသမိုင်းအကျဉ်းနှင့် ပတ်သက်၍ ဘုရားကြီးအရှေ့ဘက်မုခ်အဝင် တောင်ဘက်တွင် အုတ်အင်္ဂတေတို့ဖြင့် မှတ်တမ်းတင်ထားသော "ကန်တော့ပလ္လင်ဘုရားသမိုင်းအကျဉ်း"ဟူသောကမ္ပည်းစာတိုင်တစ်တိုင် ရှိသည်။ ထိုကမ္ပည်းကျောက်စာတိုင် အဆိုအရ

" နရပတိစည်သူမင်းကြီးသည် ဘိုးတော် အလောင်းစည်သူ မင်းကြီးမှ ဘေးလောင်းတော် ၊ဘိုးလောင်းတော်တို့ အားပြစ်မှားမိ၍ ကန်တော့ပလ္လင်နေရာ၌ ကောဇာသက္ကရာဇ် (၅၆၅) ခုနှစ်တွင် တည်ထားခဲ့ပါသည်။ (၈) နှစ်ကြာ တည်ထား ပြီးနောက် နတ်ရွာစံကံကုန်တော်မူသဖြင့် ဘုရားတည်ခြင်းမပြီး ပြတ်လေ၍ သားတော် နားတောင်းများမင်း ခေါ်ဇေယျသိင်္ခမင်း က ကောဇာသက္ကရာဇ် (၅၈၈) ခုနှစ်တွင် အပြီးတိုင် တိုင်ထားကိုးကွယ်တော်မူခဲ့သည်။ အလောင်း စည်သူမင်းကြီးမှ ဘေးလောင်းတော် ၊ ဘိုးလောင်းတော်တို့၏ ရုပ်ထုများပြုလုပ် ပြီး ပလ္လင်ပေါ်တင်၍ ကန်တော့ပူဇော်သည့် နေရာတွင် တည်ထားခဲ့ခြင်းကြောင့် ကန်တော့ပလ္လင်ဘုရားဟု အစဉ် အလာ မှတ်သားလာခဲ့ကြသည်။ ကန်တော့ပလ္လင်ဘုရားမှာ လိုဏ်လေးဆင့် ဂူဘုရားကြီးဖြစ်ပြီး ပုဂံတွင် ကြီးမားသော ဂူဘုရားကြီးများထဲတွင် တစ်ဆူအပါအဝင်ဖြစ်ပါသည်။ အမြင့်ပေ (၁၈၀) ပေ ရှိပါသည် " စသည့်ဖြင့် ရေးထိုးထားပြီး အောက်တွင် အင်္ဂလိပ်ဘာသာဖြင့် ပူးတွဲ ဖော်ပြထားပါသည်။ အင်္ဂလိပ်ဘာသာမှာ -

GAW - DAW - PALIN GU - PHA - YA

THE GAW - DAW - PALIN WAS BUILT BY KING NARAPATI SI THU IN 1203 AD. AT THE SITE WHERE KING ALONG SI THU (1113 - 1163) IN ORDER TO RECORDER THE SIGHT WHICH HE HED LOST BY BOASTING.

SUREIY MY ANCESTORS WERE NOT SO GREAT, SO GLORIOUS SO POWERFULL AS I MADE

OBEISANCE TO THE IMAGES OF FORMER KING OF BAGAN DYNASTY.

THE GAW - DAW - PALIN WAS LEFT UNFINISHED BY NARAPATISITHU AND COMPLETED BY HIS SON KING ZEYA THEIN KHA (OR) NADAUNGMY (1211 - 1234).

THE GAW - DAW - PALIN ONE OF THE GREATER MONUMENTS IN BAGAN. IT IS GRANDEUR WITH FOUR STOREYS.

GAW - DAW - PALIN MEANS " MAKING OBEISANCE TO THE IMAGES OF THE KINGS ANCESTORS PLACED ON HIS THRONE " ဟူ၍ ဖြစ်ပါသည်။

## ပေါ်တော်မူဘုရား

ကန်တော့ပလ္လင်ဂူတော်ကြီး အရှေ့မြောက်ယွန်းယွန်းတွင် အုတ်ပုံအုတ်ကုန်း တစ်ခုရှိသည်။ ထိုအုတ်ပုံ အုတ်ကုန်းကြီးမှာ ရှေးကပင် ရှိခဲ့သည်ကို သတိပြုမိကြသော်လည်း စေတီအို အပြိုအပျက် ဖြစ်လိမ့်မည် မည်သူမှ မထင်မှတ်ခဲ့။

(၁၉၇၅) ခုနှစ် ငလျင်ဒဏ် ပုဂံဘုရားများ ပြန်လည်ပြုပြင်ရာ တွင် ကန်တော့ပလ္လင်ဂူတော်ကြီး ပြုပြင်မှုနှင့်အတူ ဂူဘုရားကြီး၏ တံတိုင်းအတွင်းမှာ ကျရောက်နေသည့် ထိုအုတ်ကုန်း အုတ်ပုံ ကြီးအား ရှင်းလင်းရန် ဂေါပကအဖွဲ့ကို တာဝန်ပေးခြင်း ခံရသည်။

သို့နှင့် ဂူတော်ကြီး ပြန်လည်ပြုပြင်ပြီးချိန်၌ အုတ်ပုံကြီးအား ရှင်းလင်းတူးဖော်ကြရာတွင် အုတ်ပုံအတွင်းမှ တင်ပျဉ်ခွေရုပ်ပွား ဆင်းတုတော်တစ်ဆူ ပေါ်လာခဲ့သည်။ အုတ်ပုံကြီးမှာလည်း စေတီအိုအပြိုအပျက် တစ်ခုဖြစ်နေကြောင်းတွေ့ရသည်။

အုတ်ခဲကျိုးနှင့် သဲများကို ရှင်းလင်းပြီးနောက် ကျန်ရှိနေသော စေတီဟောင်းရာ အုတ်ရိုးကို စနစ်တကျ တူးဖော်ခဲ့ကြသည်။ ဦးခေါင်း တော် အနည်းငယ် ပျက်စီးနေသော ရုပ်ပွားဆင်းတုတော်အား ရှေးဟောင်း သုတေသန ပညာရှင်တို့ အကြံပေးချက်ဖြင့် ပြုပြင်မွမ်းမံ၍ အာရုံခံ အုတ်တိုက်သစ် ဆောက်လုပ်လှူဒါန်းပြီး ရုပ်ပွား ဆင်းတုတော်

ကို ဆုကြီးပန်အောင်တော်မူဘုရား ဘွဲ့မည်နှင့် ထားရှိပူဇော်ခဲ့ကြပါသည်။

အာရုံခံအုတ်တိုက် ကုသိုလ်ရှင်မှာ ချောက်မြို့ ဈေးရပ် ဦးကံညွန့် + ဒေါ်လှတုပ် သားသမီးမြေးတစ်စု ဖြစ်ပါသည်။ မူလ စေတီပောင်းကို ရှေးဟောင်းသုတေသန နှင့် အထူးဆောက်လုပ်ရေးအဖွဲ့ တို့၏ ညွှန်ကြားမှုဖြင့် ရှေးမူမပျက် ပြန်လည်ပြုပြင်ခဲ့ပါသည်။

ထိုစေတီပောင်း နှင့် ရုပ်ပွားဆင်းတုတော်တို့ကို တူးဖော် ရှင်းလင်း၍ မွမ်းမံပြုပြင်နေစဉ်က ဆွမ်း ၊ ရေချမ်း ၊ ဆီမီး ၊ ပန်း လာရောက် ဆက်ကပ်သူများ ပြန်လည်ပြုပြင်ရန် ငွေကြေးပါဝင် လှူဒါန်းသူများဖြင့် ပေါ်များပြည့်စုံခြင်း လိုသောဆုကြီးများကို ပန်ဆင်ရရှိခြင်း၌ ဒိဋ္ဌအကျိုးပေးသည်ဟု သိရပါသည်။ ဆုကြီးပန်အောင်တော်မူ ပေါ်တော်မူဘုရားမှာ စောစီးစွာကပင် ပြိုပျက်ခဲ့၍ အုတ်ပုံကြီးအသွင်ရှိနေပြီး ထိုစေတီအတွင်းမှ ဆင်းတုတော်ဖြစ်ပါသည်။

## ရှစ်မျက်နှာစေတီ

ကန်တော့ပလ္လင်ဂူတော်ကြီး တံတိုင်းအတွင်း အရှေ့တောင် ထောင့်တွင် ထုံးဖြူဖြူဖွေးဖွေး နှင့် ရှစ်မျက်နှာစေတီ တစ်ဆူရှိသည်။ ထိုရှစ်မျက်နှာစေတီကို နှောင်းခေတ်မှ လာရောက်တည်ထားခဲ့ခြင်း ဖြစ်ပါသည်။ ပန်တင်ခုံထက်မှ ပစ္စယာတက်၍ ထောင့်စိုက်ပန်းအိုး ရှိပြီး ရှစ်မြှောင့်ခံ၍ အပေါ်တွင် ပတ်ပတ်လည် မုခ်ချိုင့်ငယ် ရှစ်ခု ရှိသည်။ ထိုအထက်မှ ရှစ်မြှောင့်ပုံ သုံးဆင့်တက်၍ အပေါ်၌ ခေါင်းလောင်းနား ၊ ခေါင်းလောင်းပုံဖော်ပြီး ရင်ဖွဲ့ခါးပတ် ဖောင်းလုံး တင်ထားသည်။ ၎င်းအထက်မှ သပိတ်မှောက် ခံလျှက် ဖောင်းရစ်အဆင့်ဆင့်တက်ကာ ကြာမှောက် ၊ ရွဲ ၊ ကြာလှန် နှင့် ချရာသီး အထွတ်တင်၍ ထီးတော်တင်လှူ ထားပါသည်။

## ကန်တော့ပလ္လင်ဂူတော်ကြီး ပျက်စီးမှု ၊ ပြုပြင်မှု

လောကသင်္ခါရ သဘောအရ အရာရာတိုင်း ဖြစ်ပြီးက ပျက်တတ်သည့် ဓမ္မတာသဘောရှိသည်။ ပုဂံဘုရားများလည်း သင်္ခါရ နှစ်ပရိစ္ဆေဒ ၊ သဘာဝဘေးအန္တရာယ် ၊ မသမာသူတို့၏ ဖျက်ဆီးမှု များဖြင့် တစ်နည်းမဟုတ်တစ်နည်း ပျက်စီးခြင်းသို့ ရောက်ခဲ့ကြရသည်။

လောကဓမ္မသဘာဝ သဘောတရားအရ ဖြစ် ၊ ပျက်၊ ပြုပြင် လောကသံသရာ လည်နေရစမြဲ ဖြစ်သည်။ လူသားတို့ ဖန်ဆင်း ဆောက်တည်ခဲ့သော ယဉ်ကျေးမှု အဆောက် အအုံများသည်လည်း ထို့အတူ ဖြစ် ပျက် ပြုပြင် လောက သံသရာ လည်နေကြရသည်သာ ဖြစ်သည်။

ပုဂံဘုရားများသည် ထိုသဘောဖြင့် ပျက်စီးလိုက် ၊ ပြုပြင်လိုက် လောကသံသရာလည်နေပုံကို ခေတ်အဆက်ဆက် မှတ်တမ်းများ၊ ကျောက်စာ ၊ မင်စာ အထောက်အထားများ ၊ ရှေးဟောင်းသုတေသန အထောက်အထားများအရ သိရ သည်။ ပုဂံဘုရားတို့မှာ သဘာဝဘေးဒဏ်အနေဖြင့် မြေငလျင် ဒဏ်ဖြင့် အကြီးအကျယ် ပျက်စီးခြင်းသို့ ရောက်ခဲ့ရလေသည်။

(၁၉၇၅) ခုနှစ်တွင် တုန်လှုပ်ခဲ့သော ငလျင်ဒဏ်ဖြင့် ပုဂံဘုရား (၈၀)ရာခိုင်နှုန်း ပြိုကျမြေခဲ့ရသည်။ ထိုငလျင်ဒဏ် ကို ကန်တော့ပလ္လင်ဂူတော်ကြီးလည်း မရှုမလှ ခံခဲ့ရလေသည်။ အထွတ်စေတီ အပါအဝင် ကွမ်းတောင် နှင့် အရံစေတီအားလုံး ပြိုကျမြေခဲ့ပြီး ဂူလိုဏ်နှစ်ဆင့်မှာ အတွင်းကြေဒဏ်ရာ အနာတရများ ရရှိခဲ့သည်။

ဂူတော်ကြီးတစ်ခုလုံး ငုံတိတိအဆင့်ဖြင့် အမြင်မလှ ဖြစ်သွား ခဲ့သည်။ ပျက်စီးပြိုကျခဲ့သမျှ သဲ ၊ အုတ် တို့မှာလည်း အထက်ဂူ ၊ အောက်ဂူ ၊ စကြံအဆင့်ဆင့်ကြား နှင့် ပတ်လမ်း

ရင်ပြင်ပေါ်တွင် အစုလိုက် အပုံလိုက် ဖရိုဖရဲ မြင်ကွင်းမလှ ရှိနေသည်။

ထိုသို့ ဂူဘုရားကြီးတစ်ခုလုံး အုတ်ကျိုး ၊ အုတ်ပဲ့များ မြေနီသဲခဲများနှင့် အမြင်မလှရှိနေသည်ကို မြို့ခံလူထုအပါအဝင် ဂေါပကအဖွဲ့ဦးဆောင်မှုဖြင့် ခလရ(၅၀)မှတပ်မတော်သားများ၊ လမ်းစဉ် လူငယ်များ ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ၊ မီးသတ်တပ်ဖွဲ့ဝင်များ ၊ ပုဂံ-ညောင်ဦး မှ ကျောင်းသူ/သားများ လုပ်အားပေးစနစ်ဖြင့်နေ့ရက်ဆက်ရှင်းပြီးနောက် ရှေးဟောင်းသုတေသန၊ အထူးဆောက်လုပ်ရေး (အထူးရုံး)မှ ပညာရှင်များ ကွပ်ကဲပုံစံထုတ်၍ ရှေးမူမပျက် ပြန်လည် ပြုပြင်ခဲ့ကြသည်။

ကွမ်းတောင်ပြုပြင်မှုအပိုင်းကို အတွင်းမှ သံကူကွန်ကရစ် စံနစ် နှင့် အဆင့်ဆင့်အခန်းဖွဲ့၍ ဝိတ်လျှောကာ ပြုပြင်ခဲ့ပြီး အထွတ် စေတီကြိုးကိုလည်း အထက်မှ သံခြည်သံကွေးခံကာ အုတ်ကွန်ကရစ်လောင်း ပတ်၍ပြုပြင် ထားလေသည်။ စေတီရံအားလုံးကိုလည်း ရှေးမူမပျက် ပြုပြင်နိုင်ခဲ့ပြီး ပစ္စယာ အကျိုးအပေါက်များကို အုတ် အစားထိုးဖာထေးခြင်း၊လိုဏ်နှစ်ဆင့်ရှိတိုက်မန်ရုံအက်ကြောင်း ရာများ၊ အတွင်းရှိအုတ်တည်ဆောက်ခဲ့ပါသည်။အကြေအမွ များကို ထွင်းထုတ် အုတ်အစားထိုး ပြုပြင်ခြင်းများ ပြုလုပ်ခဲ့ ပါသည်။

ထိုသို့ ကန်တော့ပလ္လင်ဂူတော်ကြီးအား ရှင်းလင်းရေး ဝင်နေစဉ် ကာလအတွင်း ပြုပြင်နေစဉ်ကာလအတွင်း ဌာပနာ တိုက်ပေါက်၍ထွက်ကျသော ဌာပနာရှေးဟောင်းပစ္စည်းများကို စံနစ်တကျထိန်းသိမ်း လက်ခံရယူ၍ လျောင်ဒဏ်ခံ ပုဂံဘုရား များမှ ရရှိသော ဌာပနာပစ္စည်း များအား ပုဂံပြတိုက်တွင် ယာယီပြခန်းသို့ ပေးပို့ပြသထားပါသည်။

ဂူတော်ကြီး ပြုပြင်ချိန်၌ တွေ့ရှိခဲ့သော ဌာပနာ ပစ္စည်း များမှ အချို့ကို သက်ဆိုင်ရာက ဂေါပကအဖွဲ့သို့ ပြန်လည် ပေးအပ် ဌာပနာစေခဲ့သည်။

ကန်တော့ပလ္လင်ဂူတော်ကြီး ဌာပနာတိုက်ပေါက်၍ ထွက်ပေါ် လာသော ရှေးဟောင်းပစ္စည်းများမှာ -

ဓါတ်တော်ကြုတ်များ
ဓါတ်တော် မွေတော်များ
ကျောက် ၊ ကြေး ၊ ရုပ်ပွားဆင်းတုတော်များ
အုတ်ခွက်ဘုရားများ
ကျောက်မျက်ရတနာများ
ရွှေကြိုးဆိုင်းငွေကြုတ်ငယ် တို့ဖြစ်ပါသည်။

ထိုဌာပနာပစ္စည်းများအနက် ဓါတ်တော်ကြုတ် နှင့် ဓါတ်တော်များ၊ ကြေးဆင်းတုအချို့ နှင့်ကျောက်ဆင်းတုများ၊ ကျောက်မျက်ရတနာအချို့ နှင့် ရွှေကြိုးဆိုင်းငွေကြုတ်ငယ်များ

ကို သက်ဆိုင်ရာက ဂူတော်ကြီးတွင် ပြန်လည်ဌာပနာရန် ပေးအပ်၍ ဘုရားကြီးပြုပြင်ပြီး ဌာပနာခန်းပိတ်ပွဲ၌ ထိုမူလဌာပနာပစ္စည်းဟောင်းများနှင့်အတူ ဌာပနာပစ္စည်းအသစ်များကိုလည်း လှူဒါန်းဌာပနာခဲ့ပါသည်။

လျောင်ဒဏ်ခံ ပုဂံဘုရားများ ပြန်လည်ပြုပြင်ရာတွင် စေတနာ ရှင်ပြည်သူတို့၏ လှူဒါန်းငွေ၊ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုငွေ၊ ဝေါပက အဖွဲ့၏ စိုက်ထုတ်ငွေများနှင့် ပြုပြင်ခဲ့ရာ ပုဂံဘုရားပေါင်း (၄၂) ဆူ ပါဝင်ပါသည်။ ကန်တော့ပလ္လင်ဘုရားကြီးမှာ ထို (၄၂) ဆူတွင် တစ်ဆူ အပါအဝင် ဖြစ်သည်။

## ကန်တော့ပလ္လင်ဘုရားပွဲ

ပုဂံခေတ် နားတောင်းများမင်းလက်ထက်တွင် မိမိကောင်းမှု တော်အား ဗုဒ္ဓာဘိသေကအနေကဇာတင်ပွဲ နှင့် ဗုဒ္ဓပူဇနိယပွဲသဘင်ကို စည်ကားသိုက်မြိုက်စွာ မင်းခမ်းမင်းနားဖြင့် ဆင်ယင်ကျင်းပခဲ့ပေလိမ့်မည်။ နားတောင်းများမင်းသည် ထီးလိုမင်းလိုဘုရားပွဲကို မင်းခမ်း မင်းနားဖြင့် ကျင်းပခဲ့ပုံကို ကျောက်စာတွင် လေ့လာဖတ်ရှုရပါသည်။

မင်း ၊ မိဖုရား ၊ မင်းညီမင်းသား ၊ မှူးမတ်ဗိုလ်ပါ စုံလင်စွာနှင့် သူဌေးသူကြွယ်၊ ပြည်သူပြည်သားမကျန်သဘင်ခံ ကျင်းပခဲ့ပါသည်။ ဂူလွှတ်ပွဲ၌ လှူဘွယ်ဝတ္ထု (အမျိုးမျိုး )နှင့် ရွှေတန်ဆောင်း၊ ငွေတန် ဆောင်း လှူဒါန်း၍ ပျော်ပွဲရွှင်ပွဲ

အဖြစ် ကုလား - မြန်မာ ပန်တျာ ကခြေသည်များနှင့် ကခြေ သဘင်ပွဲ ကပြဖျော်ဖြေခဲ့ပါသည်။

ကန်တော့ပလ္လင်ဂူလှတ်ပွဲကိုလည်း ထိုသို့ ကျင်းပခဲ့ပေလိမ့်မည်။ ပုဂံခေတ်ကုန်ဆုံးပြီး နှောင်းခေတ် အဆက်ဆက်တွင်လည်း အစဉ်အလာမပျက် ကန်တော့ပလ္လင်ဘုရားပွဲ ကျင်းပခဲ့ပေလိမ့်မည်။ နှစ်ပေါင်း (၅၀)ကျော်အတွင်း ကန်တော့ပလ္လင် ဘုရားပွဲကို သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့တွင် နှစ်စဉ်မပျက် ကျင်းပခဲ့ပါသည်။

ရှေးအစဉ်အဆက်မှစ၍ ယနေ့အထိ ကန်တော့ပလ္လင်ဘုရားကြီးမှာ ရပ်ကွက်ဆိုင်ဘုရား ဖြစ်ပါသည်။ ပုဂံမြို့ ၊ ကိုးလုံးရပ်ကွက် ဆိုင်ဘုရား ဖြစ်ပါသည်။ (ယခု ပုဂံမြို့သစ် ခန်းလောင်း-သိုက်တိုင်ရပ် ) ဖြစ်ပါသည်။ ကန်တော့ပလ္လင်ဘုရားပွဲကို သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့ ညနေတွင် ပင့်သံဃာအပေါင်းတို့ကို ငွေပဒေသာပင် ၊ ကန်တော့ပွဲများကို စာရေးတံမဲချ လှူဒါန်းပါသည်။ ညချမ်းချိန်ခါတွင် (၁)ရက်နေ့ ည မှ (၂)ရက်နေ့ ညအထိ ပျော်ပွဲရွှင်ပွဲအဖြစ် ဗလာ ဇာတ်ပွဲနှင့် ဧည့်ခံဖျော်ဖြေပါသည်။ ယခုအခါ ကန်တော့ပွဲချ လှူဒါန်းခြင်းကို ဘုရားရင်ပြင်မှာ ပုဂံမြို့သစ်မှ လာရောက် ကျင်းပကြပြီး ဇာတ်ပွဲကပြခြင်းကို ပုဂံမြို့သစ် ၊ ခန်းလောင်း-သိုက်တိုင်ရပ်တွင် ကျင်းပပါသည်။ ပုဂံမြို့ဟောင်း၌ ဘုရားပွဲ ကျင်းပချိန်က

ဆိုင်ရာညှော့မိတ်သင်္ဂဟတို့ကို ရှိုးရာဆီထမင်း ၊ ငါးကြော် တို့ဖြင့် ကျွေးမွေးညှော့ခံလေ့ရှိကြပါသည်။ ယခု ပုဂံမြို့သစ်တွင်မူ ရိုးရာဆီထမင်း ၊ ငါးကြော် အစား ထမင်း ၊ မုန့်ဟင်းခါး အဆင်ပြေရာ ကျွေးမွေးညှော့ခံကြသည်ဟု သိရပါသည်။

## ကန်တော့ပလ္လင်ဘုရား နှင့် ရှေးစကား

ကန်တော့ပလ္လင်ဂူတော်ကြီးအွင်း အောက်ထပ်ရှိ ရုပ်ပွား ဆင်းတုတော် လေးဆူ နှင့်စပ်လျဉ်း၍ ရှေးစကားစဉ် ပြောစမှတ် ရှိခဲ့သည်။

အရှေ့ဘက်က ... ဆွမ်း
တောင်ဘက်မှာ ... ကျမ်း
အနောက်ဘက်က ... ပန်း
မြောက်ဘက်မှာ ... ရေချမ်း
ဟုဆိုသည်။

( ၁ ) အရပ်ထဲတွင် သူမှန် ကိုယ်မှန် အငြင်းပွား ၊ အချင်းများ သူတို့ရှိလျှင် နှစ်ဦးစလုံး ဆွမ်းပွဲကိုယ်စီပြင်၍ ကန်တော့ ပလ္လင်ဂူတော်ကြီးသို့ ဝင်ရောက်ပြီး အရှေ့မုခ်ရှိ ရုပ်ပွား တော်ရှေ့၌ နှစ်ဦးသဘောတူ သင်ပုတ်ပလ္လင် ဆွမ်းပွဲ တင်၍ကပ်ကြရသည်။ထိုကပ်လှူလိုက်သော ဆွမ်းနှစ်ပွဲ က ချက်ချင်း အမှားအမှန် ဆုံးဖြတ်ပေးလိမ့်မည်။ မှန်ကန်သူ၏ ဆွမ်းပွဲမှာ ပကတိအတိုင်းရှိနေသော်

လည်းမမှန်ကန်သူ၏ ဆွမ်းပွဲက ချက်ချင်းပုတ်သိုးကာ နှစ်ဦးနှစ်ဖက်နားလည်မှုရရှိ ပြေငြိမ်းသွားကြသည်ဟု ဆိုပါသည်။

( ၂ ) တရားတပေါင် ဖြစ်သူနှစ်ဦးတို့သည် တောင်ဘက်မုခ်မှ ရုပ်ပွားဆင်းတုတော်ရှေ့ရှိ သင်ပုတ်ပလ္လင်ပေါ်က ကျမ်းစာများကိုကိုင်၍ ကျမ်းသစ္စာကျိန်ဆိုကြရသည်။ မှန်ကန်သူမှာ ပကတိအတိုင်းရှိပြီး၊ မမှန်ကန်သူသာ ကျိန်စာသင့်ကာ သားစဉ်မြေးဆက် ဘဝပျက်ကြရသည် ဆိုပါသည်။

( ၃ ) အမှုအခင်းဖြစ်ပွားသူနှစ်ဦးသည် အနောက်ဘက်မုခ် ဆင်းတုတော်ကြီးရှေ့ရှိ ပလ္လင်ထက်တွင် ပန်းအိုးနှစ်အိုး တင်၍ ပန်း ကပ်လှူ၍ သစ္စာဆိုသော် မှန်ကန်သူ ပန်းအိုးက ပကတိလန်းနေပြီး မမှန်ကန်သူ ပန်းအိုးမှာ ညှိုးခြောက်သွားခြင်းဖြင့် တရားလို တရားခံ ကွဲပြားသွားသည်ဟု ဆိုပါသည်။

( ၄ ) ရှေးအခါက တရားတပေါင်ဖြစ်သူ၊ အမှုအခင်းဖြစ်သူ၊ အငြင်းပွားသူတို့သည် ကန်တော့ပလ္လင် မြောက်ဘက်မုခ်ရှိ ဆင်းတုတော်ရှေ့မှ ပလ္လင်ထက်တွင် အချင်းဖြစ်ပွားသူနှစ်ဦး ရေချမ်းခွက် နှစ်ခွက်တင်၍ ရေချမ်း ကပ်လှူခြင်းဖြင့် သစ္စာဆိုပါက မှန်ကန်သူ ရေချမ်းခွက်

မှာ ပကတိ အေးကြည်နေပြီး မမှန်ကန်သူ၏ရေချမ်းခွက်မှာ ပွက်ပွက်ထ ဆူဝေသွားသည်ဟု ရှေးစကားအရ သိရပါသည်။

ထို မြောက်ဘက်မုခ်ရှိ သင်ပုတ်ပလ္လင်ပေါ်တွင် ကန်တော့ပလ္လင်ဘုရားမှ ထီးတော်ဟောင်းကြီးကနေရာယူ အပြသခံလျှက် ရှိနေပါသည်။

( ၅ ) အလောင်းစည်သူမင်းလက်ထက်တွင် တရားစီရင်သော ညှပ်ကြီး အလိုအလျှောက် ပေါ်ခဲ့သည်ဟု ဆိုပါသည်။ထိုညှပ်ကြီးမှာ ပလ္လင်ထက်တွင် တည်ရှိပြီး အမှားအမှန်ကို တရားစီရင်ပေးသည်ဟုလည်း ဆိုပါသည်။ အမှုအခင်းဖြစ်၍ ယင်းညှပ်ကြီးဆီ လာရောက်၍ တရားအဆုံးအဖြတ်ကိုခံယူရာတွင် တရားမှန်သူကို မညှပ်ဘဲ တရားမဲ့သူကိုသာညှပ်ခြင်းကြောင့် ညှပ်ကြီးဟု အမည်ရသည် ဆိုပါသည်။

တရားစီရင်ရာတွင် အသုံးပြုခဲ့သော ထိုညှပ်ကြီးမှာလည်းလူတို့၏ ပရိယာယ် မာယာများမှုဖြင့် တရားအမှားအမှန် မပြုနိုင်ဘဲ ကွယ်ပျောက်ခဲ့သည်ဟု ဆိုပါသည်။ ထို ညှပ်ကြီးကွယ်ကာ အလောင်းစည်သူမင်းဘုန်းကံကြောင့် ညှပ်ကြီးထားရာ ပလ္လင်၌ ပေါ်သော ဂေါ ဘီလူးညီနောင်မှာလည်း တရားမှန်သူကို တင်းပုတ်နှင့်မထုဘဲ တရား မမှန်သူကိုသာ

တင်းပုတ်နှင့်ထု၍ တရားအဆုံးအဖြတ် ပေးသည်ဟုဆိုပါသည်။

အလောင်းစည်သူမင်းသည် သူ့ဘုန်းသူ့ကံကြောင့် ဘီလူး ညီနောင်ရခြင်းကို မာန်မာနတက်၍ ဘေးတော် ဘိုးတော်တို့ကား မိမိလောက် ဘုန်းမကြီးဟု ကာယကံ၊ ဝစီကံ ဖြင့်ပြစ်မှားမိသောအခါ မျက်စေ့နှစ်ကွင်း အလင်းမရ ဖြစ်လေသည်။

ထိုအခါမှ မျိုးမတ်တို့၏အကြံပေးချက်အရဘေးတော်၊ ဘိုးတော်တို့၏ ရုပ်တုများ ပြုလုပ်၍ အင်းပျဉ် ပလ္လင် ထက်တင် ကာ ဝန်ချကန်တော့မှ မျက်စေ့နှစ်ကွင်း အလင်း ပြန်ရလေ သည်။ ထို့ကြောင့် "ကန်တော့ပလ္လင်" တွင်သည် ဆိုပါသည်။ မျက်စေ့နှစ်ကွင်း အလင်းရသော အထိမ်း အမှတ်ဖြင့် ကန်တော့ပလ္လင် မြောက်ဘက်အနီး "ရှင်ပင်ပွင့်လင်းဘုရား" (ပြေစုရပ်ကွက်ဆိုင်) အထိမ်းအမှတ်အဖြစ် တည်ထားခဲ့သည် ဟု ဆိုပါသည်။

ဤသို့ဖြင့် ကန်တော့ပလ္လင်ဘုရား နှင့် ရှေးစကားတို့ကို တစ်ဆင့်စကား တစ်ဆင့်ကြားဆိုသလို မှတ်သားနာယူခဲ့ရ ပါသည်။ တစ်ဆင့်ကြားနာ ဆင်ခြင်ကြကုန် . . .။

# အခန်း ( ၂ )

## ကောင်းမှုတော်တည်ထား မင်းနှစ်ပါး

ကန်တော့ပလ္လင်ဂူတော်ကြီးကို နရပတိစည်သူမင်းက သက္ကရာဇ် (၅၆၅) ခုတွင် စတင်တည်၍ မပြီးပြတ်သဖြင့် သားတော် နားတောင်းများမင်းက သက္ကရာဇ် (၅၈၈) ခုနှစ်၌ ပြီးစီးအောင် ဆောင်ရွက်ခဲ့သည်ဟု ဆိုပါသည်။ အမှတ်အသား တစ်ခုတွင် ကန်တော့ပလ္လင်ဘုရားအား ( ၈ ) နှစ် နှင့်ပြီးစီး ကြောင်း ဖော်ပြသည်မှာ စဉ်းစားဖွယ်ဖြစ်ပါသည်။

(၅၆၅) ၊ (၅၈၈) တို့မှာ (၂၃) နှစ်ကွာသည်ကို သတိမူမိပါသည်။ နရပတိစည်သူမင်းနတ်ရွာစံ၍ ဘုရားမပြီး ဖြစ်သည်ကို သားဖြစ်သူ နားတောင်းများမင်းက ဆက်လက် အပြီးသတ် တည်ထားခဲ့သည်ဟုဆိုသည်။

နရပတိစည်သူနတ်ရွာစံနှစ် (၅၇၃) နားတောင်းများမင်း ဘုရားပြီးနှစ် (၅၈၈) (၁၅) နှစ်ကွာသည်။ ဖြစ်နိုင်သည်မှာ နရပတိစည်သူ နတ်ရွာစံပြီးနောက် နားတောင်းများမင်းက ဘုရားကြီးကို ဆက်လက် တည်ခဲ့ဟန်မတူပါ။

နရပတိစည်သူဘုရားစတည်နှစ် (၅၆၅) နတ်ရွာစံနှစ် (၅၇၃) ဘုရားတည်နှစ် (၈) နှစ်ကြာသည်။ (၈) နှစ်နှင့် ဘုရားပြီးစီးကြောင်း အဆိုနှင့်ညီနေသည်။ သို့ဆိုလျှင် ကန်တော့ပလ္လင်ဘုရားကြီးအား နရပတိစည်သူမင်းကြီး

အပြီးတိုင် တည်ပြီးမှ နတ်ရွာစံခဲ့ဟန်တူသည်။

နားတောင်းများမင်းသည် ထီးလိုမင်းလိုဘုရားအား သက္ကရာဇ် (၅၆၉) ခုနှစ်တွင် တည်ထားသည့်အချိန်၌ နရပတိစည်သူမင်း နတ်ရွာမစံသေးပါ။ ထီးလိုမင်းလို ဘုရား တည်နှစ် ( ၅၆၉ ) နရပတိစည်သူ နတ်ရွာစံနှစ် ( ၅၇၃ ) ထီးလိုမင်းလိုဘုရား စတည်ပြီးနောက် (၄)နှစ်ကြာမှ နတ်ရွာ စံသည်။ ကန်တော့ပလ္လင်တည်နှစ် (၅၆၅) ထီးလိုမင်းလိုတည် နှစ် (၅၆၉) နရပတိစည်သူနတ်ရွာစံနှစ်မှာ ထီးလိုမင်းလိုအား တည်ထားခြင်းဖြစ်သည်။ ထီးလိုမင်းလိုတည်နှစ်မှာ နားတောင်းများ မင်း ကျောက်စာအရ ခိုင်မာသည် နားတောင်းများမင်းသည် ကန်တော့ပလ္လင်ကို (၅၈၈) မှ အပြီးသတ်သည်ဆိုက ဖခင်နတ်ရွာစံ ပြီး (၁၉) နှစ်ကြာ ဘုရားတည်ခဲ့ရသလို ဖြစ်နေသည်။ တစ်နည်းအား ဖြင့် နားတောင်းများမင်းက ထီးလိုမင်းလို တည်ဆောက်ပြီးချိန် လောက် မှ ကန်တော့ပလ္လင်ကို ဆက်လက်တည်ထား ပြီးခဲ့ သလို ဖြစ်နေသည်။ ဤတွင် နရပတိစည်သူ နတ်ရွာစံနှစ် (၅၇၃) နားတောင်းများ ကန်တော့ ပလ္လင်ဘုရားပြီးနှစ် (၅၈၈) မှာ နားတောင်းများမင်း နတ်ရွာစံနှစ် (၅၉၆) နှင့် (၈) နှစ်သာ ကွာသောကြောင့်ဖြစ်ပါသည်။

မည့်သို့ပင်ဖြစ်စေ ကန်တော့ပလ္လင်ဘုရားနှင့် ထီးလိုမင်းလို ဘုရားနှစ်ဆူမှာ တည်ဆောက်မှု အချိုးအစား နည်းစနစ်အနည်းငယ်မျှ ကွားခြားသည်ကလွဲ၍ ဗိသုကာလက်ရာပုံစံတူဖြစ်ပါသည်။ ဂူလိုဏ် အဆင့်ဆင့် တည်ဆောက်မှု ၊ ပစ္စယာ အဆင့်ဆင့် တည်ဆောက်မှု ၊ ကွမ်းတောင်ပေါက်စေတီ တည်ဆောက်မှု ၊ စေတီရံတည်ထားမှု အရေအတွက်နှင့် အထက်လိုဏ်ဂူဝဲ့မုခ်ဦး စေတီတစ်ဆူ တည်ဆောက်ထားမှုကအစ တူကြပုံကို လေ့လာတွေ့ရှိ ရပါသည်။

ပုံစံအားဖြင့် ဖခင်ဖြစ်သူနှင့်သားဖြစ်သူ မင်းနှစ်ပါး တည်ထားသော ဂူဘုရားသုံးဆူကို ယှဉ်ကြည့်ပါ။ စူဠာမဏိဘုရား (၅၄၅) ၊ ကန်တော့ပလ္လင်ဘုရား (၅၆၅) ၊ ထီးလိုမင်းလိုဘုရား (၅၈၆) သုံးဆူကို သက္ကရာဇ် အစဉ်လိုက် တည်ထားခဲ့ပါသည်။ နရပတိစည်သူမင်းသည် စူဠာမဏိဘုရားကို တည်ထားပြီး နောင်အနှစ် (၂၀) ကြာမှ စူဠာမဏိ ဘုရားပုံစံယူ၍ ရို့စွဲလိုက်ကာ ကန်တော့ ပလ္လင်ဘုရားကို တည်ထားခဲ့ပါသည်။ ဤတွင် ကန်တော့ပလ္လင်ဘုရားကို အဖနှင့်သား မင်းနှစ်ပါး ညှိနှိုင်း တည်ထားခဲ့လိမ့်မည်ဟု ယူဆပါသည်။ နားတောင်းများမင်း မင်းအဖြစ်ရသောအခါမှ ကန်တော့ပလ္လင်ဘုရားနှင့် ဆင်တူရိုးမှား ထီးလိုမင်းလိုဘုရားကို တည်ထားခဲ့ဟန်တူပါသည်။ ဤတွင်

အမှတ်အသားတစ်ခု၌ “ ထီးလိုမင်းလိုကို နရပတိစည်သူမင်းက စတင် တည်ထားခဲ့ပြီး သားတော် နားတောင်းများမင်း လက်ထက်တွင် အပြီးသတ်ခဲ့သည်။” “ နားတောင်းများမင်း သည် နန်းတက်စ၌ တော်လှန်ပုန်ကန်မှုများကို နှိမ်နှင်းနေရ သဖြင့် ဤမျှကြီးမားသော စေတီတော်ကြီးကို တည်ဆောက် နိုင်ဖွယ်မရှိပေ။” ၎င်းအပြင် “နှစ်အတန်ကြာ တည်ဆောက် ရမည်ဖြစ်သည့် အလျှောက် နရပတိစည်သူမင်း၏ ကောင်းမှုတော်ကို နားတောင်းများမင်းကလက်စသတ်ခဲ့ခြင်း သာ ဖြစ်ပေလိမ့်မည်” ဟုဆိုပါသည်။

ယင်းအဆိုမှာလည်း အနုမာနမျက်မှန်းဆ အတွေး အကြံမျှသာဖြစ်သည်။ နန်းတွင်းတော်လှန်ပုန်ကန်မှုများကို နှိမ်နင်းခဲ့ရသည်မှာ မှန်ပါသည်။ သို့သော် နားတောင်းများ မင်းက ထိုအရေးကို အမတ်ကြီး ငါးဦးအား အာဏာကုန် လွှဲအပ်လိုက်ရာ အောင်မြင်ခဲ့၍ အမတ်တို့အား ရဲဆုအဖြစ် လယ်မြေများပေးခဲ့သည်မဟုတ်လော။

သို့ကလို အမတ်များဖြင့် ပြီးပြတ်နိုင်သည့်အရေးအတွက် နားတောင်းများမင်းအနေဖြင့် ဘုရားမတည်နိုင်လောက်အောင် အခြေအနေမျိုးမဖြစ်နိုင်ချေ။

## နရပတိစည်သူမင်းကြီး ကောင်းမှုတော်များ

(၁) စူဠာမဏိဘုရား (ပုဂံမြို့ဟောင်း)
(၂) ကန်တော့ပလ္လင်ဘုရား (ပုဂံမြို့ဟောင်း)
(၃) ဓမ္မရာဇကစေတီ (အနောက်ဖွားစောအနောက်)
(၄) ချောက်ဘုရားလှ (ညောင်ဦးအရှေ့)
(၅) မြေဘုံသာဘုရားလှ (ပုဂံမြို့ဟောင်း)
(၆) ကစွန်းအိုဘုရားလှ (ပုဂံမြို့ဟောင်းတောင်)
(၇) သိကြားတောင်ဘုရားလှ (တုရင်တောင်ဘုရားတောင်)
(၈) စာကြိုဘုရားလှ (စလေတောင်)

တို့မှာ လူသိများထင်ရှားကြပါသည်။

## နားတောင်းများမင်းကြီးကောင်းမှုတော်များမှာ

(၁) ထီးလိုမင်းလိုဘုရား (ဝက်ကြီးအနောက်တောင်ယွန်း)
(၂) မဟာဗောဓိစေတီ (ပုဂံမြို့ဟောင်းတွင်း)
(၃) စေတနာကြီးပုထိုး (ပုဂံမြို့သစ်တောင်)
(၄) ကန်တော့ပလ္လင်ဘုရား (ဆက်လက်တည်ထား) (ပုဂံမြို့ဟောင်း)

တို့ဖြစ်ပါသည်။

## နရပတိစည်သူမင်းအလှူတော်များ

နရပတိစည်သူမင်းကြီးသည် ကန်တော့ပလ္လင်ဂူတော်ကြီး တည်ထားပြီးနောက် ဗုဒ္ဓဘိသေကအနေကဇာ တင်ခြင်းနှင့်အတူ မြေလယ်နှင့် ဘုရားကြီးဝေယျာဝစ္စဆောက်ရွက်ရ လူစသည့်ဖြင့် များစွာလှူဒါန်းခဲ့ပေလိမ့်မည်။ ကျော လစ်လပ် နေ၍သာ အလှူတော်မှတ်တမ်းများကို မသိန ဖြစ်သည်။

## စူဠာမဏိဘုရားအလှူတော်

နရပတိစည်သူမင်းသည် စူဠမဏိဂူတော်ကြီး တည်ထားပြီးလျှင် ဂူဘုရားရှေ့ နေတော်မူသော မဟာသမန်းအမတ်ကြီးကို ခေါ်တော်မူ၍ အောက် များကို ကျောက်စာရေးထိုးမှတ်တမ်း ပြုခဲ့သည်။

" ရေစင်တော်ချသည်ကား သာသနာ ၅၀၀၀ တ စိမ့်သောငှာ ကျွန်ငါလှူသော လယ်ကား ပင်လဲခရိုင် တွင် ၁၇၁ ပယ်။ လယ်၏သင်စိတ်ကား တဲတော်ရာ လယ် ၁၀ ပယ်နောပင်လယ် ၁၀ သျှန်မှိုက်လယ် ၁၁ ပြည်ခုံလယ် ၃၀ သိမ်ငယ်လယ် ၂၀၁ ပယ်။ ဖေါင်းဆင်ရွာလယ် ၇၀။ ပြည်မနား (ပျဉ်မနား) ခရိုင် တွင် လယ်အပေါင်း ၁၉၅ ပယ်။ သင်စိတ်ကား ငပုံ

သင်ရွာလယ် ၁၀။ ရိမ်ရွာလယ် ၁၀။ အိဆိဥပ်လယ်၅ ပယ်။ သိမ်လည် ၁၀ တဆေးလယ် ၅ သံထိုင်လယ် ၇၀။ကျွန်တန် ရောက်လယ် ၃၀။ ကန်သလင်လယ် ၃၀ ၊ ကုရုမလယ် ၁၀၊ ပန်စင်ကြယ်ရွာ ၁၀၀။ စေခုံ ၅ ပယ်။ ရငုန်ခရိုင်တွင် ကျွန်ရွာ နှင့်လယ် ၁၀၀။ ကျွန် (သန်) ပျင်ရွာ ရွာဝင်လျက် လယ် ၂၀၀ ကျွန်ကားမြို့မြေ ၂၀၀ တွင် ပုဂံယ်လယ် ၁၀ ၊ ညောင်ရွာ လယ် ၄၀၊ ကမ္ဘနိပုတိ ၃၀ ၊ ရွာ နှင့် ကျွန် မြင်ခုန်တိုင်ခရိုင်တွင် လယ် ၁၂၀ ၊ ဥိတ်ကြဥ်အင်း (လျှော) ၆၀။ အိတန် ၁၀ ၊ စိစောင်ကြည် ၂၀ ၊ ဆည်ရွာငယ် ၃၀ ကျွန် ၊ ပနန်ခရိုင်တွင် လယ် ၁၀၀ ၊ တမုတ်ခရိုင်တွင် တဟတ် လယ် ၆၀ ၊ ကျွန်းနှစ်ရွာ ရွာဟောင်ငယ် ၈၅ ပယ်တွင် ကား မိုးကြိုးလယ် ၅ ပယ်ကား အဝင်လျက် ၊ လယ် ၁၀၀ ၊ စန်လှလယ် ၃၀ ၊ အိပြင်လယ် ၁၀ ၊တောင်ဦး လယ် ၉၀ ၊ ရေရှူလယ် ၅၀ ၊ သေက်လယ် ၃၀၊ ခမောင်လယ် ၁၀ ၊ မက္ခရာမြင်ရှည် လယ် ၁၀ ၊ အပေါင်းလယ် ၃၀ ၊ တပျတ်သာခရိုင် လေင်းပုတ်လယ် ၃၀ ၊ ကိုင်းသည် ရွာလယ် ၁၀။ ခန်မုံခရိုင်တွင် လက်ဝဲ ၁၀၀ ၊ ရွာလတ်လယ် ၃၀ ၊ လေကျွပ်လယ် ၅ ပယ်။ ကျောင်းလောင်ငယ်လယ် ၁၀။ ကျောင်းလောင်း

ကြီးလယ် ၃၀ အပေါင်း ၁၇၅ ပယ်။ မြစ်သား ၁၀၊ တစ်ခရိုင် အပေါင်းကြီးလယ်ကား ၁၆၂၇ ပယ်။ တကောင်းအင်းရေဝင်ကား ၁၀၈၊ တိုက်နေသော သံဃာအပေါင်းတို့ကို လှူတော်မူသော ပိန္နဲ ထို လယ်တော် ၃၈၀၊ တကောင်းစသည်မြေ သိုတက်သော အလှူတော်လယ် ၄၀၀၊ စန်ညင (ခဝိ) ၁၀၀၀၀၊ သိမ်တိုင် ၁၀၀၊ ထန်းပင် ၁၀၀၀၊ ခက်လုံ အနောက် ၁၀၀၊ တမာခါးတိုက်တွင် ပြည်စုံ ၃၀၀၊ မင်းဒြိ ၁၀၀၊ နောကုမ် ၃၀၊ ဌက်စလယ် ၁၀၀၊ မုဆိုးဖို ၁၀၀၊ မုဆိုးခြံစောရယ် ၃၀၀၂ မုအနောက်ဘက် ဝါးထောင်ကြီး၊ ဝါးထောင်ငယ်နောက် (ဝတ်အစ) နှင့် မြေတော် ၁၀၀၀၊ အရှေ့ကား ဥယျာဉ်၊ မင်းကျည်၊ သဖွတ်တော(က်) လောင်း (ရှည်) အနောက်ကား ငတင်ရာ၊ မြောက်ကား ခန္တဝါအလှူတော်မြေ ၁၀၀၀၊ မင်းကြီး ဆရာတော်ပြည့်စုံ မြတ်စွာမဟာထေရ် မင်းကြီးနားတောင်းလျောက်သည်ကား ဘုန်း (တော်) ကြီးစွာသော မဟာရာဇ်တရားမင်းကြီးကား ဘုရား ၂၈ ယောက်၊ ပြီး၏။ သင်ပုတ်တော် လိုချင်၏။ မုအနောက်လတုယ်တိုက်တွင် ဆိတ်ပုကြည်အရပ်၌ (မုရင်း) တော်စိမ်း ၁၀၀ ” စသည်ဖြင့် ဘုရားကျောင်းနှင့်

သံဃာတော်များအတွက် မင်းဆရာမဟာထေရ်အား လှူခဲ့သော မှတ်တမ်းကျောက်စာကို ခေတ်အက္ခရာနှင့် ဖော်ပြထားခြင်းဖြစ်ပါသည်။ (စူဠာမဏိဘုရားကျောက်စာ (၅၄၅)စူဠာမဏိဘုရားမြောက်ဘက် အာရုံခံတွင်ရှိသည်။)

## ဓမ္မရာဇကဘုရားအလှူ

နရပတိစည်သူမင်းကြီးသည် သစ်မထီးအရပ်၌ ဓမ္မရာဇက ဘုရားကြီးတည်ထား၍ သခင်မဟာထေရ်အား တောင်းပန်၍ အခွင့်ရ လျှင် ပုထိုးတော်ကြီးကို (၂) နှစ်နှင့်အပြီးတည်ထားပြီး သက္ကရာဇ် (၅၅၉) တွင် လက်ခွေ (၄၄၀၆၇) ကျပ်ကို ရေစက်ချရန် လှူတော်မူခဲ့သည်။ ထို့နောက် ဓမ္မရာဇကစေတီတော်ကို ဓာတ်တော်သက်န်းနှင့် ကျွန်များကို လှူခဲ့သည်။

" သိန်းယိုမင်းလက် သရီရဓာတ် ၃၀ သောတွင် ၄ လုံးရချေသော် ဓာတ်နှင့်အတွ ကျောက်ဖျာထက် ဌာပနာသော ဟုတ်တေ။သက္ကရာဇ် ၅၆၀ ဘဿနှစ် သန္တုလဆုတ် ၂ ရက် ၆ နေ့အားလျှင် ထွတ်တော်တင်၍ လွှတ်တော်မူသော သင်္ကန်းဆူ ၁၁၀၀။ (မြန်မာ) ကျွန် ၅၀၀။ ကုလားကျွန် ၅၀၀။ အပေါင်း ၁၀၀၀။ မြစ်သားမြေတော် ၅၆၃ ပယ်ဖုဟူ။ နွား ၅ ----- ၏။ သင်စိတ်ကား မြစ်သားရွာနှင့် ကန္တုလယ်

သစ်မြေ --------- ထိုတွင် (တံ) ကဲစားလယ်။ ၁၀ ။ စန်တော် ၄ ပယ်။ ၀ (င်) ---- ၂၃၀ ထင်းခွေးစားယာ ၅ ပယ်။ ပန်တျာစားလယ် ၅ ပယ်။ စည်သည် ၃ ပယ်။ ----- ( ကျောဘက် )။ ပျဉ်းမနားရွာခွင် ညောင်ပင်ကြီးလယ်မြေတော် ၁၄၁ ။ ခု ။ ကျွန်တော် ၄၈ ယောက် ။ နွားတော် ၁၀၀။ သင်တောင်ရွာခွင် ပေါင်းလောင်း အရှေ့မြစ်လောင်း သင်တွဲဖြောင်အရှေ့ ဘတ်လဝ ရွာနောက်ရှိသော လယ်တော်တစ်ရပ်ကား ၈၀။ တစ်ရပ်ကား ၁၅ ပယ်။ အပေါင်း ၉၅ ပယ်။ ကျွန်တော် ၂၅ ယောက် ။ နွားတော်၅၀။သင်တောင် ရွာတောင်ပုလိမ် ( မြေတော် ၁၇၁ချ) ---- ထို (ပုလိမ်တစ်ရပ်) ၁၀၀ ။ ကလန်ကွယ် ၅။ ပုလိမ်ရွာ ယာမြေခြောက် ၆ ---။ ကျွန်တော် ၁၅ ။ နွားတော် ၃၀ ။ မြင်းခုန်တိုင်ခရိုင် အနောက်တောင် ပလူမြေတော် ၁၅၀။ ၅ (၀) တွင် ရွာယာ ၅ ပယ်။ ကျွန် ၁၀ ။ နွားတော် ၂၀။ တမုတ် ခရိုင်အနက် ဥတ္တမကြံ၌ ၂၂၁ ခု ။ ။ ထိုတွင် ---- သင်နှစ် ၅၀ ။ ကျွန်တော် ၂၂ ယောက် ။ နွားတော် ၄၄ ခု။ ပိုကြို့ရွာ တောင်မြေ ၃၀၀။ ကျွန်တော် ၁၃ ယောက်။ နွားတော် ၂၆ခု ။ ဆားချက်ရွာတောင်း အရှေ့တောင်မှရှိ လယ်တော်

၂၀။ ကျွန်တော်၅။နွားတောင် ၁၀။မကွဲရာခရိုင်အနက်
လယ်တော် ၇၇၁ ခုဟု။ ထိုတွင် (စလင်းမု)က်ရွာ၌
၂၀။ ညောင်တို ၂၀။ သေက်ရွာ၌ ၃၇ ပယ်။ သုတ်တံ
၁၃။ မြစ်အောက်ထက်ပြန် လိုင်မစဲရှေ့တက်ပွတ်၌
၃၀၀။ မြေတူခက်သင်၌ ၄၀၀။ ငမင်းကြည်ရွာရှေ့၌
၁၀၀။ ပုစောတိုက်တွင် ဓမ္မရာဇကဝတ် ။ ၂၂၀ ။
ယင်သည်တိုက်တွင် ဓမ္မရာဇကဝတ် ။ ၆၀၀ ။ မြင်းခုန်
တိုင်တိုင် တိုက်တွင် ဓမ္မရာဇကဘုရားဝတ် ။ ၅၀၀ ။
ပိဆယ်တိုက်တွင် ဓမ္မရာဇက ဘုရားဝတ် ။ ၅၀၀ ။
(မု)န်တောင်တိုက်တွင် ဓမ္မရာဇကဘုရားဝတ် ။၈၀၀။
မုဆိုးဖိုတိုက်တွင် ဓမ္မရာဇက ဘုရားဝတ် ။ ၅၀၀ ။
မုန်တောင်တိုက်ကြမ္မကိုက်။ ဓမ္မရာဇက ဘုရား----။
တံမာခါတိုင်တွင် ဓမ္မရာဇကဘုရားဝတ် ။ ၅၀၀ ။
မုဆိုးခြုံတိုက်တွင် ဓမ္မရာဇကဘုရားဝတ် ။ ၅၀၀ ။
ပြင်စည်တိုက်တွင် ဓမ္မရာဇကဘုရားဝတ် ။ ၅၀၀ ။
လတွေတိုက်တွင် ဓမ္မရာဇကဘုရား-တ် ။ ၅၀၀ ။
ခက်လုံတိုက်တွင် ဓမ္မရာဇက ဘုရားဝ -------။
ကပ်ကမ္ဘာ၌ဖြစ်သော ဘုရား ၅ ယောက်ကို -------
---သစ် ကောက်ရွာဘိုး အရှေ့ချောင် ။ တောင်မှာ
ကား သမတိရွာ တောင်ကုန်း။ ------- မကာသက်

(ရှေ့) တွင် သိမ်မတော်နောက်။ မြစ်အောက်မှာ ကားထွက် --------- က်တေး။ တစ်မျက်နှာသော ၄၀၀ မြေသဏ္ဌာန်ကားလေးထောင့် ----- တေး။ ဤကား ဓမ္မရာဇကဘုရားအလိုရစေသော ဟုတ်တွေ ။ ။ (ဓမ္မရာဇကဘုရားကျောက်စာ ၆၅၀ ၊ ၅၅၈ ဓမ္မရာဇက

ဘုရားအရှေ့ဘက်မုခ်အတွင်း မူလတည်ရာတွင် ရှိသည်။)

## စကြိုဘုရားလှူအလှူတော်

နရပတိစည်သူမင်းကြီးသည် စာလေတော်ကပ် (၄) မိုင်ကွာ ရှိ စကြို (စကြို) အရပ်တွင် တည်ထားသော စကြိုဘုရားလှုကို မြေ ၊ ကျွန် နှင့် ထန်း စသည်တို့ကို လှူခဲ့သည်။ ထိုနောက် သံဃာ တော်များအတွက် ဆွမ်းဟင်းအလို့ငှာ အုတ်ဖိုမှ ငပိတုံး (ငပိအိုး) များကို နေ့စဉ်လှေလေးစင်းနှင့် ပို့၍လှူဒါန်းခဲ့သည်။

" သက္ကရာဇ် (၅၅၄) ခု ဖလကိန်းနှစ် ရေမြေကို အစိုးပိုင်ရ ဘုန်းတန်းခိုကျက်သရေတို့နှင့် ပြည့်စုံစွာသော စည်သူမင်းကြီးသည် ဆရာ (ရင်း) သခင်နှင့်တကွ တိုင်ပင် (တော်မူ) ၍ စကြိုဘုရားလှူ အားသင်ပုတ်ဝတ် ဆီမီး ဝတ်ဖြစ်စိမ့်သောငှာ မြောက်ဘက်အရပ်သည် ခဝယ်ရွာနှင့်တကွ

ကိုင်း ကျွန်း ထန်းနှင့်တကွ လျှ (တော်မူ) သော မြေ အပေါင်းကား တစ်ထောင့်ငါးရာ့ငါးဆယ့် ပယ်ခွဲ စရွတ်။ မူးတွင်လယ်သင်ရွှေဥယျာဉ်နှင့် အင်ထန်းနှင့်တကွ လျှုတော်မူသောမြေ၏ အပေါင်းကား တစ်ထောင့်တစ်ရာတစ်ဆယ်တစ်ပယ်ခွဲစရွယ်။ ကြာခတ်ကြည်စာအရပ်၌ လျှုတော်မူသော မြေတော်ကား သုံးရားသုံးဆယ်ခွဲ။ ကုခန်းအရပ်ဦးဆောင်အိမ်၌ လျှုတော်မူသော မြေကား ငါးရာငါးဆယ်ငါးပယ်ခွဲ။ တလု (ပ်) အရပ်မြစ်ဆုံမင်းလှလိပ်မက် (စ) ဦးတိုမြေငါးရာငါးဆယ်ပယ်ခွဲ။ တောင်ကားဥတောင်ချောင်း အရှေ့ကား ရင်တွန်ဘီတွန်၊ မြောက်ကားမြစ်ဆုံ၊ အနောက်ကား မြစ်ရိုး၊ ယင်းတော်အရပ်၌ ကန်ရှည်၊ ကဖည်ကန်၊ မဝိဘုရား၊ ရတနာတော်မူပါသော မြေကား သုံးရားသုံးဆယ်ခွဲစရွတ်။ ပက်လက်မြင်းလေးစီး ပြုမြေကား လေးရာလေးဆယ်ပယ်ခွဲစရွတ်။ မင်းကျည်တိမ်အရပ် ငါးရားငါးဆယ်ပယ်ခွဲစရွတ်။ အင်တိုင်းအင်ခအရပ်၌ သုံးရားသုံးပယ်ခွဲ စရွတ်။ ထိုတောင်ပယ်လယ်ရေး၌ စည်သူမင်းကြီးဆည်တော်မူ၍ အပေါင်းများ အပေါင်းလျှုပါသော မြေကား သုံးရားသုံးဆယ်သုံးပယ် ခွဲစရွတ်။ တပြင်ကွဲအရပ်၌ ခုနှစ်ရာ့ငါးဆယ်ကိုးပယ်ခွဲ။ တင်လဲပြန်မြေ အပေါင်းကား ယာ နှင့် ထန်း အိုးအင်နှင့်တကွ နှစ်ဆယ့်တစ်ပယ်။ စသည်

" ဥတ်ဖိုငစပိတွင် အတွဲတစ်ရာ့ငါးကျိပ်ကို ငပိနှင့် ငါးဟင်း ခတ်ဖြစ်စေမူ၍ စည်သူမင်းကြီးလှူတော်မူသည်ကား လေ့လေးစင်း နေ့တိုင်းနေ့တိုင်းပို့ရ၏။ စလင်းကျည်ရမ် အရပ်ဝယ် သိမ်ဘုရားအား သင်ပုတ်ဝတ်ဆီးမီးဝတ် ဖြစ်စေ ဟူ၍ စာချီကြမဘတ်လှူ (ပါ) သည် မြေကား တစ်ဆယ့် ငါးပယ်လှူပါ၏။ စသည့်ဖြင့် လှူခဲ့ပါသည်။ (စာကြိုဘုရားလှ ကျောက်စာ ၅၅၄ စာကြို့ဘုရား မြောက်ဘက်မုခ် ကျောက်တိုင် အမှတ် ၃ )

## နားတောင်းများမင်းအလှူတော်များ

နရပတိစည်သူမင်းနှင့် နားတောင်များမင်း နှစ်ပါးသည် ကန်တော့ပလ္လင်ဘုရားကြီးကို တည်ထားခဲ့ကြသည်ဟုဆိုပါ သည်။ အဖမင်းကြီးတည်ထား၍မပြီးပြတ်သေးသော ကန်တော့ပလ္လင်ဂူတော်ကြီးအား သားဖြစ်သူ ဆက်လက် တည်ထားပြီးမြောက်ခဲ့သည်ဟု ဆိုပါသည်။

သို့ဆိုလျှင် နားတောင်းများမင်းသည် ကန်တော့ပလ္လင် ဘုရားကြီး၏ အလှူမှတ်တမ်းအမူ ကွန်းကျောက်စာတိုင်ကြီး များရေးထိုးထား၍မည်သာဖြစ်ပါသည်။ အဖနှင့်သား မင်းနှစ်ပါး ၏ကောင်းမှုတော်ကြီး ဖြစ်၍လည်း အလှူတော်များ အများ အပြားပြုလုပ်လှူဒါန်း၍ ကမ္ဗည်းကျောက်စာတွင် မှတ်တမ်း

တင်းထားရှိခဲ့မည်ဖြစ်ပါသည်။

ကန်တော့ပလ္လင်ဘုရားတွင် ကျောက်စာလစ်လပ်နှစ်ပေါင်း ရာကျော်ကြာမြင့်ခဲပြီးဖြစ်၍ အစားမရနိုင်သော ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပါ သည်။ တွေးကြည့်လျှင် နှမြောတသဝမ်းနည်းရပါသည်။ သို့သော် ကောင်းမှုတော် ကန်တော့ပလ္လင်ဘုရားဒါယကာ နားတောင်းများမင်း ကြီး၏ထပ်မံပြုလုပ်သော ကောင်းမှုတော်တို့တွင် လှူဒါန်းခဲ့ပုံတို့ကို ကြည်ညိုကြရန်ဖြစ်ပါသည်။

## ထီးလိုမင်းလိုအလှူ

နားတောင်းများမင်းကြီးသည် သက္ကရာဇ် (၅၆၉) ခုနှစ်တွင် ထီးလိုမင်းလိုဘုရားကို တည်ထားခဲ့သည်။ ဂူလွှတ်ပွဲတွင် ရတနာအတိ ဆန်းကြယ်စွာသော ဂူကြီးပြု၍ ပိဋကတ်ကျောင်းပြု၍ လှူခဲ့ပြီး မြေနှင့် ကျွန်တို့ကိုလည်း အများအပြားလှူခဲ့ပါသည်။ ဘုရား၌ ဆီးမီဝတ် ၊ သင်ပုတ်ဝတ်မပြတ်လှူခဲ့သည်အပြင် ရဟန်းသံဃာတော်များကို ကျောင်းသင်္ကန်းဆေးမပြတ်လှူဒါန်းခြင်း ၊ မေတ္တာဘာဝနာပွားများခြင်းများအမြဲမပြတ်ကြုံပုပ်လေ့ရှိပါသည်။

" သြိကြိ ဣ ၁နာဒိတျ ၊ပဝရဓမ္မရာဇာမည် (သော) (နား) တောင်းများမင်းကြီးသည် သဗ္ဗညုတဘုရားဆုကို လိုချင်၍

ရတနာ အတိဆန်းကြယ်စွာ (သော) (ဂူ) (တော်) လည်ပြုတော်မူ၏။ ပိဋကတ် ပြုတော်မူ၏။ ကျောင်းပြု တော်မူ၏။ ကချေကဘင် ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ဆီးမီးသင်ပုတ်လည်းကောင်း ၊ သခင် သံဃာတို့ကို မေတ္တာ ဘာဝနာမူ စိမ့်သောငှာ ” နိဒါန်းပျိုး၍ အလှူစာရင်းများကို ပြဆိုရေးထိုးထားပါသည်။

“ အနောက်တောင်၌ မြေနှင့်ထန်း ၁၀၅၀ ။ ယင်သည့်မြေနှင့် အစပ်မြေ ၃၀၀ ။ ခေါင်စား၌လယ် ၇၀၀ ။ တို့လှူတော်မူ၏။ တောင်ဘက်နှံဖဲမြစ်၌ မြေ ၁၀၀၀၀ ။ အရှေ့သို့လားသော်ကား ကန္တုပျူကုန်းမြေလျှင် အစပ်တည်း။ တောင်သို့လာသော်ကား အိုးပုတ် ကူရွာလျှင် အထတည်း။ အနောက်သို့လာသော်ကား လင်တခေါင် မြေအစပ်တည်း။ မြောက် ဘက် ညံ သာ တို က် ဝံ သို့ လား သော် ကား ကန်သစ်မြေလျှင် အစပ်တည်း။ မြောက်ဘက်ညံသာတိုက်တွင် တစ်ပင်တစ်ရပ်ငပေါက်တူး၌ လယ် ၃၀၀ ။ မြေသဖင်၌ ပန်လင်လယ် ၅၀ ။ မနိမ့်၌လယ် ၇၀၀ ။ ကိုင်း၌လယ် ၁၀၀၀ ။ မြောက်ခရိုင်အရပ် စလင်းကျယ်ပကို ကျည်းရပ်၌လယ် ၅၀၀ ။ ကုခန်းနွယ်နီ၌ ၅၀ ။ ယင်းအစပ်စထိန်းရေဖြူ၌ လှူတော်မူမြေကား ၁၀၀၀၀ ။ အရှေ့သို့ လာသော်ကား ပုကျောက်သွာလင်းထိ ဆင်စိမ့်မြေလျှင်အစပ်တည်း။

အရှေ့တောင်ထောင့်သို့လာသော်ကား မြို့ခင်းသာငယ် အပက်ချိုင် စောက်မြေလျှင် အစပ်တည်း တောင်သို့လားသော်ကား ညောင်ထီး သီးခေါက်အလွန် ၊ ဥဒေါင်းတစ်တွန်လျှင် အခြားတည်း။ တောင် အနောက်သို့လားသော်ကား သပြေတိုလျှင်အထိတည်း။ အနောက် သို့လားသော်ကား ခြပင်တို ၊ ခြဝ် ၊ ခြံပင်ကွ။ ပုန်တောင်ရိုးလျှင် အထိတည်း။ အနောက်မြောက်ထောင့် သို့ကသော်ကား ကျွန်းသံပျင် မြေလျှင်အခြားတည်း။မြောက်သို့ လားသော်ကား ကြောင်းပါလည်တို ငပြေလက်ပံမြေလျှင် အခြားတည်း။ မြောက်အရှေ့ထောင့်သို့လား သော်ကား သင်ဝုန်တောင်မြေနှဲ့မယ် ကံကူငဖိုးလင်းတောင်ဆပ်သွား ချောင်းအလွန် ဥဒေါင်တတစ်တွန်လျှင် အခြားတည်း။ စသည် ဖြင့် မြေလှူဒါန်းခဲ့သော ရွာ ၊ နယ် ၊ ချောင်း ၊ အပိုင်းခြားတို့ ကို အသေးစိတ်ဖော်ပြထားပုံများ စိတ်ဝင်စားစွာ သုတေသန ပြုလေ့လာ ဖွယ်ဖြစ်သည်။ ထို့နောက် လှူခဲ့သော ကောင်းမှု များကို ရဟန်းသံဃာ တော်တို့ရှေ့မှောက် စည် ၊ ခရာ တီးမှုတ်၍ ရေစက်ချခဲ့ပုံကို ဖော်ပြ ထားသည်။

စည်ခရာမတီး၍ ဗိုလ်ပါးအမတ်တျာ ရဟန်းသံဃာ နှင့်တကွ ရေ^ငံ်တော်ချ၏။ ကြားပါ သိပါသော မင်းသား ၊ အမတ်၊ သူဌေး ၊ သူကြွယ်တို့သည်လည်း အနုမောနောခေါ်ပါ

ကုန်၏။ ဤသို့ ငါစင်လှစွာမူ၍ ငါလှူသောမြေကို အစိုးရသတည်းဟု ဖျက်သော မင်းလည်းကောင်း ၊ မင်းသား မင်းများတို့သည်လည်းကောင်း၊ အမတ် တျာဗိုလ်ပါတို့သည် လည်းကောင်း၊စားလိုယူသော်လည်းကောင်း၊ဖျက်ဆီးသော်လည်း ကောင်း၊ဤလူလက်ထက်အပြစ်(၈)ပါးရောက်စေတည်။"

မိမိစင်ကြယ်စွာရရှိလှူဒါန်းသော အလှူပစ္စည်းများကို ထိန်းသိမ်းကာကွယ်လိုသောဆန္ဒဖြင့် ကျိန်စာရေး၍ ပြောကြားခဲ့ပုံမှာ သဒ္ဓါပွားဖွယ် ဆင်ခြင်ဖွယ် ဖြစ်ပါသည်။

အလှူကျောက်စာ၌ " ဥဒေါင်းတစ်တွန်အခြားတည်း" ပုဂံခေတ်က"ဥဒေါင်းတစ်တွန်၊ကြက်တစ်တွန် ၊ ခွေးတစ်ဟောင်၊ ကြောင်းတစ်ခုန် မြင်းတစ်ပြေး " စသည်ဖြင့် နယ်ပိုင်ခြား သတ်မှတ် ပြောဆိုလေ့ရှိပါသည်။

## မဟာထေရ်ဘုရားအလှူ

နားတောင်းများမင်းသည် အလှူပြုရာ၌ ဖခင် နရပတိစည်သူ မင်းကြီး နှင့် ရေစက်ဆုံသူဟု ပြောရမည်ဖြစ်သည်။ ကန်တော့ပလ္လင်ဘုရားကြီး တည်ထားစဉ်ကပင် အလှူရေစက်ဆုံခဲ့ကြသည်။

" မဟာဓိဓမ္မရာဇာဂုရုဘွဲ့ " မြတ်ကြီးမဟာထေရ်အား မင်းဆရာအဖြစ်ကိုးကွယ်ခဲ့ကြတော့လည်း အဖ နှင့် သားမင်းနှစ်ပါး အတူတူ မြတ်ကြီးမဟာထေရ်ကိုအကြောင်းပြု၍ အလှူပေးခဲ့သမျှ မင်းနှစ်ပါးအလှူဒါနပြုခဲ့သမျှမှာလည်း မြတ်ကြီးမဟာထေရ်အား လမ်းညွှန်ဦးဆောင်မှုပြုခြင်းလည်း အတူတူဖြစ်သည်။

နရပတိစည်သူမင်းကြီး ဓမ္မရာဇာက စေတီတော်တည်ထားရန် မြေနေရာရှာသောအခါ မဟာထေရ်ထံ တောင်းပန်၍ ခွင့်ပြုချက်ရမှ ဘုရားတည်ခဲ့ရသည်ထိ အလေးအမြတ်ထားခဲ့သည်။

နားတောင်းများမင်းသည် ငယ်စဉ်မင်းသားဘဝက မဟာထေရ်ဆရာတော်ထံ စာသင်ခဲ့ရသဖြင့် မင်းဆရာဖြစ်ရုံမက ငယ်ဆရာလည်းဖြစ်ခဲ့သည်။ သို့နှင့်မဟာထေရ်ကျောင်းဘုရား အလှူမှတ်တမ်းရေးထိုးရာ၌

"မဟာဓိမ္မရာဇာဂုရုကို မင်းကြီးနားတောင်းများ
ငယ်သောစာသင်ရကား မင်းဖြစ်ပြီး မဟာထေရ်ကျောင်း
ဘုရားအားမင်းကြီးနားတောင်းများ လှူသောမြစ်သား
လယ် ၁၀၀တည်း"

ဟုဖော်ပြရေးထိုးခဲ့ပြီး မြေအလှူစာရင်းများ ဆက်လက် ဖော်ပြရေးထိုး ထားပါသည်။ ထိုမဟာထေရ်ဘုရားနှင့် မဟာထေရ်ကျောင်းတို့ကို နားတောင်းများမင်းကြီး အလှူသာမက အမိ မြေကန်သည် နှင့် နှမ စောမင်းလှတို့ ပါဝင်လှူဒါန်းခဲ့ကြသည်။ ထိုအလှူတွင် "မြကန်သည်" ကလယ် ၁၀၀ လှူ၍ စောမင်းလှက လယ် ၁၄၀ ပယ် လှူခဲ့သည်။

" လယ်အရပ်ကား တမုတ် ၊ စတ္တရုယ် ၊ စာရင် ၊ နံ့သာရွာ အရပ်၌ လယ် ၆၀ တည်း ၊ ဇေမဏ္ဍိုတ်ရင် ငအိုရွာ အရပ်၌ လယ် ၃၀။ သမိုစဝလယ် ၁၀ ၊ အပေါင်း ၁၀၀ ။ မင်းကြီးနားတောင်းများ နှမ စောမင်းလှငယ်သော ကိုယ်တော်လှူ၍ ကိုယ်တော်ရှိ လှူသောလယ် ၁၄၀ တည်း။ လှူသော လယ်အရပ်ကား မြစ်သား တက်သိယ်၌ ၅၀၊ ပနန်လယ် ၂၀ တည်း။ စလင်းအရပ်၌ ရွာသာလယ် ၇၀ တည်း။ မိဖုရားမြကန်သည်လှူသော လယ် ၁၀၀ ။ လယ်အရပ်ကား ၊ ဖက်မညိုး၌ ၇၀ ။ မပင်စရ ၊ ကျောက်ဉပ်ရွာတောင်လည်း လယ် ၃၀ တည်း။ စသည် ----------။

နားတောင်းများမင်း မိဖုရား မြကန်သည်သည် နှမစောမင်းလှ တို့လှူသော မဟာထေရ်ဘုရားနှင့် မဟာထေရ်ကျောင်းအလှူတွင် လယ်များလှူရန်အတွက် မင်းဆရာ မဟာထေရ်က လယ်များဝယ်ပေး ရသည်။ ကိုယ်ပိုင်လယ်များကို လှူခဲ့သည်။ မဟာထေရ်၏ဘွဲ့များ- " သိရိသဒ္ဓမ္မထိလာသ " ဖြစ်သည်။ ဇာတိမှာအကြေဒလအရှေ့ဘက် ရှိ မဟာဝိရွာ ဖြစ်ပြီး "ကစ္စာယနသာဋီကာဟောင်း", နှင့် "ဓမ္မဝိလာသဓမ္မ သတ်ကျမ်း" ကိုပြုစု၍ မွန်ဘုန်းကြီးဖြစ်ကြောင်း သိရသည်။ မဟာဝိဇာတိဖြစ်၍ မဟာဝိဆရာတော်၊ မဟာဝိကျောင်း ၊ မဟာဝိဘုရား ဟု အမည်တွင်ခဲ့သည်။

" မဟာဝီဝယ်သော လယ်ကားမြစ်သားအရပ် ရငုန်းဆားချက် ဌ် ၃၀ ၊ သင်တောင်လယ် ၂၅ ပယ် မပင်စရအရပ် လယ်ကိုင်းခရိုင် ကိုယ်တော်ရှိလယ် ၂၀ တည်း။ အကြေဒလအရှေ့မဟာဝိရွာ မောလ ညာမည်သောရွာအရပ်၌ မဟာဝီ၏ ယောက်ဖ ငမုံသင်လှူသော ကျွန် ၇၀ လယ် လှူ၏။ ပြင်ပုနယ် ၊ မဟာဝီကို လှူ၍ သခင်မဟာဝီလှူသော ကျွန် ၇၀ လယ်ခပင်းတည်း။ ကြပင်းလယ်ကား ၃၀၀၀ တည်း။ ယွန်ပို လယ် ၆၀၀ ။ ရွာမည်းကား စစ (စော) သာပြောင်တည်း။ ယွန်ပိုကျွန် ကား ၄၀ ၊ သခင်မဟာဝီမိန့်တော်မူ၏။ ဤကျွန်လယ်ခပင်းကား ငါဘုရားကိုလျှင် ( လှူသတည်း )

----- စသည့်ဖြင့် ရေးထိုးထားပါသည်။ စင်စစ်ထိုအလှူမှာ မဟာထေရ်ဆရာတော်က သူတည်ထားသော မဟာဓိဘုရားကို အလှူပြုရာ၌ နားတောင်းများ မင်းမိသားစုက ပါဝင်လှူဒါန်းကြသော မှတ်တမ်းကျောက်စာဖြစ်ပါသည်။

ထိုမဟာထေရ်ဘုရားနှင့် မဟာထေရ်ကျောင်းမှာ မြင်းကပါဂူ ပြောက်ငယ် (မဟာဓိ) နှင့် ဘုရားအနောက်ဘက် မဟာထေရ်အုတ်ကျောင်းကြီးဖြစ်ပါသည်။ယခင်ကမဟာထေရ် အုတ်ကျောင်းကြီးကို အရည်းကြီးတို့၏ "ရှင်ရဲတစ်ထောင်ကျောင်းကြီး" ဟူ၍ မှားယွင်းစွာ အရပ်လောက၌ ပြောစမှတ်ပြုခဲ့ကြပါသည်။ မင်းသားထွန်းလုံရှိန်ပါဝင်ခေါင်းဆောင်သော " ကျားနက်ရှင် " ဗီဒီယိုဇာတ်ကား တွင်လည်း ထိုအရပ်စကားအရ မဟာထေရ်အုတ်ကျောင်း ကြီးအား အရည်းကြီးများထံပန်ဦးလွှတ်ရာ ဌာနအဖြစ် ဇာတ်လမ်း မစမီနောက်ခံစကားပြောနှင့် လှည့်ပတ်ရိုက်ပြ ထားပုံကို ကြည့်မြင် ကြားသိလိုက်ရသဖြင့် စိတ်မကောင်းကြီးစွာ ဖြစ်ခဲ့ရပါသေးသည်။

(နားတောင်းများမင်းကြီးကျောက်စာ (၅၈၂၊ ၅၆၀) ပုဂံမြို့ ဟောင်းတောင်ဘက် မြင်းကပါရွာ မြောက်ဘက် ဂူပြောက်ငယ် (မဟာဓိ) ဘုရား အနောက်ဘက်မုခ်တွင်ရှိသည်)

နားတောင်းများမင်းကြီးသည် သုံးနှစ်အကြာတွင် မဟာထေရ် ကျောင်ဘုရားကို လယ်မြေများထပ်မံလှူခဲ့သည်။

" သက္ကရာဇ် ၅၈၅ ၊ အာသိန်နှစ် နယုလဆန်း ၈ (ရက်) ၅ နေ့။ မဟာထီးကျောင်းဘုရားအား နားတောင်းများမင်းကြီး လှူတုံသော လင်းမပြာအရပ်၌ အရှေ့မှာကား စလင်းကျောင်းတောင်မှာကား စလင်းချောင်း ၊ အနောက်မှာ ကားလင်းမပြာမြေနှင့်အစပ်၊ မြောက် နှင့် အရှေ့မြောက်တောင် ----- မြေနှင့်အစပ် ။ မဟာဝိကျောင်းအရပ် ၌ မင်းအမတ်ကြီးအနန္တပတိ ၊ ကုလားကျောင်း ၊ စလစ် ၊ ဆင်ဝင်ပြု၍ ပြီး ၂ သော လွှတ်စေပြီးလှူသော လယ်ကား မြိုင်ရွာ ရှေ့လယ် ၃၀ တည်း။ စသည့်ဖြင့် ရေးထိုးဖော်ပြထားပါသည်။ ထိုကျောက်စာများ မှာလည်း ဂူပြောက်ငယ်ဘုရားအနောက်မုခ်တွင် တည်ရှိပါသည်။

## အခန်း (၃)

## မိသားစုရေးရာ

ကန်တော့ပလ္လင်ဂူတော်ကြီးကို တည်ထားခဲ့သော နရပတိစည်သူ၊ နားတောင်းများ အဖေ နှင့် သား မင်းနှစ်ပါး၏ မိသားစုရေး အကြောင်းကို အကျဉ်းမျှ သိထားရန်လိုပါသည်။ သို့မှသာ ကန်တော့ပလ္လင်ဘုရားကြီးသို့ လာရောက်ဖူးမြော် လေ့လာသူတို့အနေဖြင့် မူလ ကောင်းမှုရှင်မိသားစုတို့၏ သဒ္ဓါတရားနှင့် စေတနာအားကို ဂူတော်ဘုရားကြီးဖူးရင်းရှာဖွေ တွေ့မြင်၍ ကြည်ညိုမှုပိုမို လာမည်ဖြစ်သည်။ ဘုရားဒကာ မင်းနှစ်ပါး မိသားစုတို့ကိုလည်း မေတ္တာပို့အမျှအတန်ဝေပါက ပုဂံရောက်ခိုက် နှစ်ဦးနှစ်ဖက်အကျိုး ဖြစ်လိမ့်မည်ဟု ယုံကြည် ပါသည်။

## နရပတိစည်သူ

နရပတိစည်သူမင်း၏ဘွဲ့အမည်မှာ " သြီတြိဘဝနာ ဒိတျဝရဓမ္မရာဇာ " ဖြစ်သည်။ ခရစ်နှစ် (၁၀၆၅) ခုနှစ်တွင် ပုဂံထီးနန်းကို ရရှိသည်။ ပုဂံမင်းရိုးအဆက်အနွယ်မှာ အလောင်းစည်သူ + ရတနာပုံ တို့၏သား နရသူ + မြောက်ပြင် သည်တို့သားဖြစ်သည်။

နရပတိစည်သူမင်းတွင် မိဖုရား (၆) ပါးရှိသည်။

(၁) တောင်ပြင်သည် - သားသမီး (၃)ပါးဖွားမြင် အမည်မသိရ
(၂) ဝေဠုဝတီ - သား ဇေယသူကို
(၃) ဦးဆောင်ပန်း - သား ၊ ရာဇသူ ၊ ပုံချို ၊ ကက်သူ
(၄) စောစနေ - သမီး ရွှေအိမ်သည် စည်းခံသည် ကျောင်းတော်သည်
(၅) မိဖုရားပန်ရင် - သားသမီး မထွန်းကား
(၆) စောမြကန် (ဥယျာဉ်သမီးကိုယ်တော်) - သား ၊ နားတောင်းများမင်း သမီး ၊ စောမင်းလှ
(၇) စောအလွှမ် - သမီး သတ္တိကာမိ

နရပတိစည်သူတွင် မိဖုရား (၇) ဦးသား ၊ သားသမီး (၁၂) ဦး ရှိသည်။

## မိသားစုအလှူ

နရပတိစည်သူမင်းအလှူတော်များကို ရှေ့တွင်ပြခဲ့ပြီး မိဖုရားနှင့် သားသမီးတို့အလှူကို ဖော်ပြပါမည်။ မိဖုရား ဝေဠုဝတီမိဖုရားသည် သက္ကရာဇ် (၅၄၇) ခု၊ နားတောင်းတပ် ဘုရားကို တည်ထားပြီး လှူဒါန်းသော မြေအစုစု (၇၆၆) ပယ် ကျော်သည်။

ဦးဆောက်ပန်းမိဖုရားသားရာဇသူသည် သက္ကရာဇ် (၅၉၈) ခုနှစ်ထိုး ရာဇသူရ သမီးမောင်နှံ ကျောက်စာ (ကျော) ၌ " သခင်သီလပညာကား ကျောင်း၌နေ၍ ပိဋကတ်တို့၏ ဤလယ်ကား မင်းရာဇသူအား ကြားပေ၏။ ရာဇသူလည်း လှူတော်မူတုံ၏။ သက္ကရာဇ် (၅၈၉) ခု " လယ်မြေ၊ ကျွန်တို့ လှူကြောင်းတွေ့ရသည်။

သက္ကရာဇ် (၅၉၈) မင်းရာဇသူကျောက်စာတွင် " နယုန် လဆန်း (၁၁) ၇က် သောကြာနေ့ မင်းရာဇသူရတနာသုံးပါ ကို ပစ္စည်း (၄) ပါးထောက်ပင့် ----- ကျွန် ၁၂၈၊ နွား ၁၀၀" စသည်ဖြင့် အလှူပြုလုပ်ခဲ့သည်။ ထိုပြင်

သက္ကရာဇ် (၅၉၈) ခု ကြာတိုက်နှစ် နယုန်လဆန်း (၁၁) ရက် သောကြာနေ့ မင်းရာဇသူလှူတော်မူသော လယ် ၃၀၀၊ ကျွန် ၁၀၀၊ နွား ၁၀၀ ။ "

သက္ကရာဇ် (၅၅၃) ခု မာဃနှစ်တန်ဆောင်မုန်းလဆန်း (၂) ရက် အင်္ဂါနေ့ စန္ဒာငလေသင်ပေးကြားသော လခြိတ်ကျွန်ခြင်၊ အိမ်ထောင် ငတေလ ၁ ။ မယား သုဘာသိ ၁ ။ သားအိမ်ထောင်မျင်ယ ၁ ။ မိယား မိန်တန် ၁ ။ သား အိဖုခိငပန် ၁။ ဦးရိုးမြက်ရတောရ် ၁ ။ နှမ အိုဖုခိ၊ မုန်ဘေယ်ညီမစားတတ်ခင် ၁ ။ ညီစားတက် ငဉန်တန် ၁ ။ ညီမျက်ရ မျင်ပ ၁ ။ ညီစားတတ် ငရုတ် ၁ ။ ညီနို့စို့ ၁ ။ ကွယ်ကစနု ၁ ။ သားပ ၈ ထာရ် ၁ ။ သားမြတ်ရ ငပုံ ၁ ။ အိဖုခိငရင် ၁ ။ ဖိုးငအိဋ္ဌိ ၁ ။ ညီဖိုးငယျန် ၁ ။ ကွယ်ဆောင်မန် ၁ ။ မတ်အိမ်ထောင် ငတန် ၁ ။ မယားစာနှစ် ၁ ။ အိမ်ထောင်ငတိတ် ၁ ။ မယားချစ် ၁ ။ စသည့်ဖြင့် အိမ်ထောင်ရှင်မိသားစုအလိုက် ဘုရားတွင် လှူဒါန်းခဲ့သည်။ မင်းရာဇသူရကျောက်စာ (၅၉၈ ၊ ၅၅၃) ပုဂံပြတိုက်ကျောက်စာအမှတ် ၂၄

သက္ကရာဇ် (၅၉၈) တွင် မင်းရာဇသူလင်းမယားလှူသော အလှူစာရင်းမှာ

“ မင်းရာဇသူလင်မယားလှူတော်မူသော ရက်ငိုကျွန် ၁၄၀ ကိပ် ။ လယ် ၁၃၃ ။ သက္ကရာဇ် ၅၅ ပိသျှနှစ် တန်ဆောင်မုန်းလဆန်း ၆ ရက် တနင်္ဂနွေနေ့သင်လျှင် ငသင်ဖွယ် ၁ ။ ငသိမ်သင် ၁ ။ စာချိဝင်းကျည် ၁ ။ ငခွင်သင်သာ ၁ ။ ငမြေသင် ၁ ။ ငရင်သင် ၁ ။ သိကြားသော ရက်ငိုကျွန်ကွယ်

အိုနီ ၁ ။ သားအမှုရ ချွန် ၁ ။ ရဟန်းဖိုး ၁ ။ သေ့ခ ၁ ။ လှော်ကား ၁ ။ သားအိုဖုခိကြွင်း ၁ ။ ပေ့ငွ်သေသော သားအမှုရကြေရဟန် ၁ ။ ညီအမှုရ လောရဟန် ၁ ။ ညီအိမ်ထောင် ကေတို ၁ ။ ကွယ်အိုမုန် ၁ ။ " စသည်ဖြင့် အိမ်ထောင်ရှင်မိသာစုတို့ကို ထပ်မံလှူခဲ့သည်။ (မင်းရာဇာသူ လင်မယားကျောက်စာ (၅၉၈ ၊ ၅၄၄) တက်သေးရွာ အနောက် ဘုရားအမှုန် ၆၈ အတွင်းရှိသည်။)

မင်းရာဇသူသမီး ဇေယျသူဒွေးမယားကလည်း

" သက္ကရာဇ် ၅၉၈ ၊ ခြုကြတိုက်နှစ် တန်ဆောင်မုန်း လဆန်း ၁၄ ရက် ၊ တနင်္လာနေ့အား မင်းရာဇသူသမီး ဇေယျ သူဒွေးမယား ဘုရား ၊ တရား ၊ သံဃာရတနာသုံးပါးသော အထောက်အပံ့ဖြစ်စေသောကြောင့် လှူသော ဘုရားကျွန် ပေစော ၁ ။ သားပြေည့် ၁ ။ ညီကုံ ၁ ။ (အိုရပန်) ၁ ။ ကွေယ် ၁ ။ ချေင်း ၁ ။ နောင်လယ် ၁ ။ ကုရုကာ ၁ ။ ယှေန်စုံ ၁ ။ တေပါး ၁ ။ အိုခယ် ၁ ။ (ငစ) ကောပိ ၁ ။ ဘယာမယား ၁ ။ စိတုရ ၁ ။ စိတုရသမီးနတ ၁ ။ ဥမည် ၁ ။ ဂူကြီးကျွန်မိန်းမ ယောက်ျား ၂၀ ပခုန်လယ်အပလယ် ၅၀ ။ ရေလာလယ်အပယ် ၁၀ အပေါင်းလှူသော လယ် ၆၀ ရှိ၏။ ဤလယ်ကား မင်းသခင်ဂူနီကို နှင်းသတည်း "

လယ်သူကြီးမရှိစေဟု မိန့်တော်မူ၏။ (မင်းရာဇသူသမီး

ဇေယျသူဌေးမယား ကျောက်စာ ၅၉၈ ။ ပုဂံပြတိုက်ကျောက်စာ အမှတ် ၅၃)

## နားတောင်းများမင်း

နားတောင်းများမင်းဘွဲ့မည်မှာ " သီရိကြိဘုဝနာဒိတျ ဓမ္မရာဇာ " ဖြစ်သည်။ ခရစ်နှစ် (၁၂၁၁) ပုဂံထီးနန်းစိုးစံသည်။ ပုဂံမင်းရိုးအဆက်အနွယ်မှာ အလောင်းစည်သူ + ရတနာပုံမှ နရသူကို ဖွားမြင်သည်။ နရသူ နှင့် စောမြကန် မှ နားတောင်းများမင်းကို ဖွားမြင်သည်။ နားတောင်းများမင်းတွင် မိဖုရား (၄)ပါးရှိသည်။

(၁) အိမ်တော်သည် - သား ဥဇနာ ၊ ကျစွာ
(၂) တောင်ပြင်သည် - သား သိန်းပတေ့ ၊ တရားမွန်
(၃) အလယ်ပြင်သည် - သားသမီး မထွန်းကား
(၄) မြောက်ပြင်သည် - သားသမီး မထွန်းကား

နားတောင်းများမင်းတွင် မိဖုရား (၄) ဦး ၊ သားသမီး (၄) ဦး ရှိသည်။

## မိသားစုအလှူ

မိဖုရားအိမ်တော်သည်၏မြေး နာဂသိယ်ဥဇနာ၏သား ဥဇနာမိသားစုသည် ဂူကျောင်းပိဋကတ်တို့လှူခဲ့သည်တည်ထားပြီး ဂူဘုရားအထွင့်ကို ရွှေသင်္ကန်းကပ်လှူခဲ့သည်။

မိဖုရား အိမ်တော်သည်၏သား ကျစွာသည် အလှူတော်များစွာပြုလုပ်လှူဒါန်းသည်။ မင်းကြီးတည်ထားသော စာသင်ဂူဘုရားမှာ ထင်ရှား၍ လူသိများသည့် စာသင်ဂူများ ကျစွာမင်းကိုယ်တိုင် ရဟန်းတော်များကို စာသင်၏။ စာဝါချခြင်း ပြုလုပ်ရာ နေရာဖြစ်ကြောင်းဆိုပါသည်။

ခမည်းတော် နရပတိစည်သူမင်းနှင့်သားတော် နားတောင်းများမင်း နှစ်ပါး၏ မိသားစုအလှူတော်များမှာ သာဓုခေါ်ကြည်ညိုဖွယ်ဖြစ်ပါသည်။

## နိဂုံး

ကန်တော့ပလ္လင်ဂူဘုရားသည် နှစ်ထပ်လိုဏ်ဂူဘုရားကြီးဖြစ်ပါသည်။ စူဠာမဏိ ၊ ထီးလိုမင်းလို ၊ ရှာဟောင်းကြီးဂူဘုရားကြီးများနည်းတူ အုတ်ခိုလျှို့ဝှက် လိုဏ်ပတ်လမ်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါသည်။

ကန်တော့ပလ္လင်ဘုရားကြီးမှာ လိုဏ်လေးဆင့်ဂူဘုရားကြီးဖြစ်ပါသည်။ ပထမမြေညီထပ် လိုဏ်ပတ်လမ်းများ ၊ ဒုတိယအောက်တိုက်မ ပစ္စယာသုံးဆင့်တွင် ဒုတိယပစ္စယာ၌ အုတ်ခိုလျှို့ဝှက်လိုဏ်နှင့် လိုဏ်ပတ်လမ်းများ၊ တတိယအပေါ်ထပ်လိုဏ်ဂူနှင့် လိုဏ်ပတ်လမ်းများ၊ စတုတ္ထ အပေါ်ထပ်လိုဏ်ဂူအထက် ပစ္စယာသုံးဆင့်အနက် ဒုတိယပစ္စယာအတွင်းရှိ အုတ်ခိုလျှို့ဝှက်လိုဏ် နှင့် လိုဏ်ပတ်လမ်းများဟူ၍ လိုဏ်လေးဆင့်ရှိပါသည်။

ကန်တော့ပလ္လင်ဂူတော်ကြီး တည်ဆောက်ရာတွင် အားဖြည့်အကူပစ္စည်းများအနေဖြင့် သံကျောက်များကို အသုံးပြု တည်ဆောက်ထားပါသည်။ ထောင့်ချုပ်အဖြစ် သံကျောက်ကို ကျင်တွယ်ချိုး ထောင့်ပုံသဏ္ဍာန် ခုတ်ထစ်ဆစ်ရွေ့၍ ဂူတော်ကြီး၏ ထောင့်ချိုးနေရာတိုင်းမှာ (၅)ပေခန့်တစ်ခုကျ တည့်သွင်းထားပုံကို တွေ့ရပါသည်။ ထို့ပြင် နံရံများတွင်လည်း အရေးကြီးသောနေရာများ၌ ဆွဲအားအဖြစ်

ပတ်လည်ကျောက်အုတ်ကြီးများ ထည့်သွင်း၍ အုတ်များ စီထားပါသည်။ ဂူတော်ကြီးလေးမျက်နှာရှိ မုခ်တံကဲကြီးများ အတွင်း ချိတ်ကွေးများနေရာ၌ ကျောက်တုံးကြီးများကို ပုံကျ ဆစ်ရွေ၍အားဖြင့် လုပ်ဆောင်ထားပုံကို တွေ့ရပါသည်။

ဂူတော်ကြီးအထက် အောက်တိုက်မအထက်ရှိ ချင်မိတ်တိုးတန်းများအောက် ဘီလူးပန်းဆွဲများအထက်၌ ဖောင်းလုံးတန်းများကို ပတ်ပတ်လည် ကျောက်ဖောင်းလုံးများ ခုတ်ထစ်၍ ပြုလုပ်ထားပါသည်။ ဂူတော်ကြီး လိုဏ်ပေါင်းကူး များပြုလုပ်ရာတွင်လည်း ကျောက်တစ်လှည့် အုတ်တစ်လှည့် အားဖြင့် တည်ဆောက်သည်ဟု သိရပါသည်။

ကန်တော့ပလ္လင်ဘုရား ကျောက်ထောင့်ချုပ် အရွယ် အစားမှာ ထောင့်တစ်ဘက်တစ်ချက် ( ၃ )ပေခန့် ရှည်လျား ပြီး ထု ( ၁၀ )လက်မခန့် ရှိပါသည်။ အုတ်အရွယ်အစားမှာ အလျား ( ၁၆ )လက်မ ၊ အနံ ( ၈ )လက်မ ၊ ထု ( ၂ )လက်မ ရှိပါသည်။

ကန်တော့ပလ္လင်ဂူတော်ကြီးတွင် မူလက အထပ်ထပ် အောက်ထပ်လိုဏ်ဂူနံရံများတွင် ဆေးရေးပန်းချီလက်ရာတို့ ဖြင့် အတင့်အတယ် ရေးခြယ်ထားခဲ့သည်။ နှောင်းခေတ် ကုသိုလ်ရှင် များ၏ သစ်စေးသုတ်ခြင်း၊ ရွှေသက်န်းကပ်လှူခြင်း၊ ထုံးသင်္ကန်း ကပ်လှူခြင်းတို့အောက် ပျောက်ကွယ်ခဲ့ရသည်။

ထို့အတူ မူလက ပစ္စယာအဆင့်ဆင့်ရှိ စိန်တန်းပတ်လည်တွင် စဥ့်ကွင်း များမှ စဥ့်စိမ်းရောင် တလက်လက်တောက်နေခဲ့ပေမည်။ ယခု တိုစဥ့်ကွင်းများကွာကျ ဆုံးရှုံးရှိခဲ့၍ အနည်းငယ်မျှသာ တွေ့နိုင်တော့သည်။

ဂူတော်ကြီး၏ အပြင်ဘက်၊ အတွင်းဘက်ရှိ မုခ်တံကဲများ၊ တိုင်ဖုံးပန်းများ၊ ချင်မိတ်တိုးအောက်ရှိ ဘီလူးပန်းဆွဲများ ကြာမှောက်ကြာလန်များကို သင်္ကန်းအောက်၌ ကြွရွလှပစွာ တွေ့မြင်နိုင်သေးသည်။ အချို့ဘက်က စာပန်းများလည်း ကွာကျပျက်စီးခဲ့ကြပြီ ဖြစ်ပါသည်။

သို့သော် . . . ခေတ်အဆက်ဆက် ကောင်းမှုရှင်များ မွမ်းမံပြုပြင်မှု အလှူဒါနကြောင့် အချို့အနုပညာလက်ရာများ ယနေ့အထိ တွေ့မြင်နေရခြင်း ဖြစ်ပါသည်။

ကန်တော့ပလ္လင်ဘုရားကြီးသို့ လာရောက်အလှူများ ပြုလုပ်လိုပါလျှင် ဘုရားဂေါပကအဖွဲ့မှ ကမကထ ဦးဆောင်မှုဖြင့် လှူဒါန်းနိုင်ကြပါသည်။ ဂေါပကအဖွဲ့သည် ဩဝါဒဆရာတော်ကြီးများ၏ လမ်းညွှန်ကြီးကြပ်မှုနှင့် တာဝန်ကိုယ်စီယူ၍ စေတနာကောင်းသန့်စွာ ဆောင်ရွက်ပေးနေပါသည်။ ဘဏ္ဍာထိန်း၊ ရွှေဘောင်း၊ လျှပ်စစ်ဆောက်လုပ်ရေး၊ ဆိုင်ခန်းတာဝန်များကို ခွဲဝေ၍ ဆောင်ရွက်လျှက်ရှိနေပါသည်။

ကန်တော့ပလ္လင်ဂူတော်ကြီးသည် နှစ် ( ၈၀၀ )ကျော် သက်တမ်းကြာမြင့်လာပြီဖြစ်ရာ ဘာသာရေး သာသနိက အဆောက်အအုံအနေဖြင့်သော်လည်းကောင်း ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်လက်ရာအနေဖြင့်သော်လည်းကောင်း အမြတ်တနိုး ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုပါသည်။ တည်တံ့ခိုင်မြဲရေးအတွက် အဖက်ဖက်က ပြုပြင်စောင့်ရှောက်ကြရန်လိုပါသည်။ဂူတော်ကြီးမှာ နှစ်ထပ်ဂူဘုရားဆိုသော်လည်း လိုဏ်လေးဆင့်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားရာ ၁၉၇၅ခုနှစ် ငလျင်ဒဏ်ကို အပြင်းအထန်ခံလိုက်ရ၍ အတွင်းပိုင်း ကြေမွပျက်စီးအနာတရ ဖြစ်ခဲ့သည်ဟု သိရပါသည်။

အဟောင်းသည် ဟောင်းမြဲဟောင်းနေမည်သာ ။ အသစ်သည် သစ်မြဲသစ်နေမည်သာ ။ သို့သော် အဟောင်းကို အသစ်နှင့်အစားထိုး၍ ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းပေးက ရေရှည်ကြံ့ခိုင်တည်တံ့နေမည်သာ ဖြစ်သည်။ ပျက်အစဉ်ပြင်ခဏ မြန်မာတို့ဆိုရိုးစကား ရှိသည်မဟုတ်လား။ ကမ္ဘာကျော် ရှေးဟောင်းအဆောက်အဦးကြီးများကိုလည်း ထိုသို့ပြုပြင်ခဲ့ကြသည် မဟုတ်လား။ သို့ရာတွင် ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းနည်း စနစ်မှန်ကန်ဖို့တော့ လိုပါသည်။

ပုဂံစေတီ ဂူပုထိုးများသည် လေဒဏ်၊ မိုးဒဏ်၊ ငလျင်ဒဏ် စသော သဘာဝအန္တရာယ်တို့ကို အမြဲတစေ ကြုံတွေ့

နေကြရသည်။ မသမာသူတို့၏ ဖျက်ဆီးယူငင်မှုကို အခါ အားလျော်စွာ ခံခဲ့ကြရသည်။ သို့နှင့် ဘုရားအို၊ ဘုရားပြို၊ ဘုရားကုန်းများ တဖြစ်လဲ ဘဝရောက်ရှိခဲ့ရသည်။ အဖက်ဖက်က ပျက်စီးယိုယွင်းမှုများ ရှိလာသည်။

ရွှေစည်းခုံ၊ အာနန္ဒာ၊ သဗ္ဗညု၊ ရွှေဂူကြီး၊ ကန်တော့ပလ္လင်စသော တန်ခိုးကြီးဘုရားများကို အင်းဝ၊ ဟံသာဝတီ၊ ဆင်ဖြူရှင် နှင့် ဘိုးတော်ဘုရားလက်ထက်က ပြုပြင်မွမ်းမံမှု ပြုလုပ်ကြောင်း မှတ်တမ်းများ ရှိခဲ့သည်။

ထို့နောက် ထိုဘုရားများကို ဂေါပကအဖွဲ့ အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ခဲ့ကြသည်။ နှောင်းခေတ် ကုသိုလ်ရှင်များနှင့် ဂေါပကအဖွဲ့ဝင်များသည် မြတ်စွာဘုရားရှင်၏ အဆုံးအမ သာသနာတော် ပြန့်ပွားစည်ပင်မှုကို လိုလားကြသူများဖြစ်သည်။

ထိုသို့ သဒ္ဓါအင်အား၊ ငွေကြေးအင်အား၊ လူအင်အားအလိုက် ပြုပြင်မွမ်းမံခဲ့ကြသဖြင့် ကျက်သရေဆောင် ပုဂံဘုရားများ တိုးပွားလာခဲ့သည်။ ယခုအခါ ပုဂံဘုရားများ ပြန်လည်ပြုပြင်မှု (၉၅) ရာခိုင်နှုန်းခန့် ထမြောက်အောင်မြင်ခဲ့ပြီ ဖြစ်သည်။

ပုဂံဘုရားများ ပြန်လည်ပြုပြင်ရာတွင် အပိုင်းသုံးပိုင်း တွေ့ရသည်။

( ၁ ) အသစ်ပြုပြင်မွမ်းမံခြင်း
( ၂ ) ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းခြင်း
( ၃ ) မူလပုံစံအတိုင်း ပြန်လည်တည်ဆောက်ခြင်း

တို့ဖြစ်သည်။

ထို့ကြောင့် ကန်တော့ပလ္လင်ဘုရားကြီးသည် အပိုင်း ( ၂ ) ရှေးမူမပျက် ပြန်လည်ပြုပြင်ထားရာ ကျက်သရေဆောင် ဂူတော်ကြီးအဖြစ် သာသနာ့ဝါးထောင် တည်သရွေ့ အထင်ကရ ရှိနေမည်သာ ဖြစ်ပါသည်။

**မောင်ကြည်ပန်း ( မြင်းကာပါ )**

# နောက်ဆက်တွဲ (က)

ကန်တော့ပလ္လင်ဂူတော်ကြီး တည်ဆောက်မှု မြန်မာ ဗိသုကာအခေါ်အဝေါ်များကို အောက်ခြေမှ အထက်သို့ အစဉ်အတိုင်း ဖော်ပြလိုက်ပါသည်။

၁။ ဂုံညှင်းဆောင်
၂။ အောက်ခြေမိုးလျှော (မိုးဆင်း)
၃။ မှန်ကွယ်
၄။ ဖရုံတုံး
၅။ ခါး
၆။ မျက်ရစ်
၇။ လက်ပင့်
၈။ အောက်ချင်မိတ်ဖိုး
၉။ ကြာအုံ
၁၀။ ပုလဲတန်း
၁၁။ ပန်းဆောင်
၁၂။ ဘီလူးပန်းဆွဲ (ကီတ္တိမုခ)
၁၃။ ဖောင်းလုံးတန်း
၁၄။ သဗင်ခွေပန်းတန်း
၁၅။ ကြာအုံ

## ကန်တော့ပလ္လင်ဘုရားသမိုင်း

၁၆။ စိန်တန်း

၁၇။ ပစ္စယာဆင့်များ ( ထောင့်စေတီများ )

၁၈။ ကလသာအိုး

၁၉။ ကွမ်းတောင်

၂၀။ ကြက်လျှာ

၂၁။ ဖောင်းရစ် ( ဘတ္တဝလိ )

၂၂။ ကြာမှောက်ကြာလှန် (ပဒ္မပတြ )

၂၃။ ထီး

## မှတ်တံကဲများ

၁။ ခုလင်မွန်းချွန်

၂။ ခိုင်ပေါင်

၃။ ငှက်ပျောဖူး

၄။ ကြာညှပ်

၅။ ကြေးဝန်း

၆။ ကြေးခွေ

၇။ ချိတ်ကွေး

၈။ ဇီးကွက်ပေါက်

၉။ တိုင်ကလပ်

၁၀။ တောင့်တိုင်ဖုံး

၁၁။ ခိုနန်းချိုး
၁၂။ မုတ်ဆိတ်
၁၃။ စိန်တောင်
၁၄။ ခတ်တော်တိုက် ( ခတုဂမ္ဘ )
၁၅။ မုခ်ကပ်
၁၆။ တံကဲ
၁၇။ ပလ္လင်
၁၈။ ရှောင်လင်းပေါက်
၁၉။ ခွံရုပ်လ
၂၀။ ရင်ပြင်
၂၁။ စကြံ
၂၂။ အာရုံခံ
၂၃။ ဂန္ဓကုဋီ
၂၄။ ဒွာပနာတိုက်
၂၅။ ကျောက်သေတ္တာ
၂၆။ ကျိုက်တဝို ( ကျာက်တဝိုယ် )
၂၇။ ဆင်ခွယ်ဝန်းယှက်
၂၈။ ဓာပေါက်ပြတင်း
၂၉။ တုရိုင်တိုင်
၃၀။ မှောင်ပတ်လမ်း

၃၁။ ကြောင်လိမ်လှေကား

၃၂။ လသာလှေကား

၃၃။ သရက်ကင်း

၃၄။ တံခါးတိုက်

၃၅။ တံခါးတိုင်ကျောက်ခွက်

၃၆။ မောင်းမလည်

လိုက်ပေါင်းအခေါ်

၁။ လိပ်ပြာတောင်ပေါင်းကူး

၂။ ရုထိုးပေါင်းကူး

၃။ မှီပေါင်းကူး

၄။ ရောင်ခြည်ဖြာပေါင်းကူး

၅။ တိုးစီပေါင်းကူး

၆။ အုန်းလက်ချပေါင်းကူး သည်တို့ ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း


၁။ ဦးခင်မောင်ကြီး၊ ပုဂံဘုရားများသမိုင်း နှင့် ဧည့်လမ်းညွှန်

၂။ တင်နိုင်တိုး၊ ပုဂံမင်းဆက်ရာဇဝင်သစ်

၃။ မောင်အောင်မြင့်၊ သုံးမည်ဘွဲ့ရှင် ကန်တော့ပလ္လင်

၄။ ဦးငြိမ်းမောင်၊ ရှေးဟောင်းမြန်မာကျောက်စာများ

၅။ မှန်နန်းရာဇဝင်တော်ကြီး

၆။ ဦးသန်းဆွေ၊ ပုဂံစေတီပုထိုးများ

၇။ လှသမိန်၊ ပုဂံခေတ်မြင်ကွင်းကျယ်

၈။ မင်းဘူးအောင်ကြိုင်၊ ပုဂံခေတ်ဗိသုကာလက်ရာများ

၉။ မောင်ကြည်ပန်း (မြင်းကပါ)၊ သဗ္ဗညုဘုရားကြီးသမိုင်း
အလောင်းစည်သူမင်းကောင်းမှု


ဂူဘုရားသုတေသန

(က) သဗ္ဗညု

(ခ) စူဠာမဏိ

(ဂ) ကန်တော့ပလ္လင်

(ဃ) ထီးလိုမင်းလို